# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်　　၂၀၂၃ ခုနှစ်၊ ဇွန် ၂၀ ရက်၊ အင်္ဂါနေ့　　အတွဲ (၆၂)၊ အမှတ်(၂၅၉)


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မုန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရသေ့တောင်မြို့နယ်ရှိ ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ



ရသေ့တောင် ဇွန် ၁၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ရိုးမစတားအရောင်းဆိုင်(စစ်တွေ)က ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မေယုခန်းမ၌ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူသူများနှင့် စည်ကားလျက်ရှိသည်။ (ယာပုံ)

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ရိုးမစတားအရောင်းဆိုင်(စစ်တွေ)မှ ရသေ့တောင်မြို့ပေါ်တွင် ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ ရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများ ပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ဇွန် ၁၈ ရက်တွင် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၈ သောင်း ၅၇၅ သန်း ဆောင်ရွက်နိုင်

မူဆယ် ဇွန် ၁၉

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် ၁၈-၆-၂၀၂၃ ရက်တွင် ပို့ကုန်တန်ဖိုးကန် ဒေါ်လာ ၆ သောင်း ၆၉၁ သန်း၊ သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၁ သောင်း ၈၈၀ သန်း၊ ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၈ သောင်း ၅၇၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂၆ သောင်း ၆၄၈ သန်း၊ သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၃၅ သောင်း ၅၇၆ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၆၂ သောင်း ၂၂၄ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၈၅ သောင်း ၄၀၆ ကျပ်ဖြင့် တွက်ချက်ထားရှိသည်။

၁၂-၆-၂၀၂၃ ရက်မှ ၁၈-၆-၂၀၂၃ ရက်အတွင်း အများဆုံးအမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း များမှာ ကျောက်စိမ်း ၇၉ သောင်း ၃၈၉ တန်၊ ငါးရှဉ့် ၃၀၃ သောင်း ၁၆၀ တန်၊ ဝါဂွမ်း ၅၄၈ သောင်း ၁၅၈ တန်၊ ကဏန်း ၂၀၀ သောင်း ၁၂၅ တန်၊ ကြက်သွန်နီ ၂၅၅၂ သောင်း ၅၀၀ တန်၊ သရက်သီး ၁၆၅၁ သောင်း ၈၀၀ တန်၊ ဆန်ကွဲ ၁၄၈၄ သောင်း ၅၀၀ တန်၊ ကြေးနီ ၁၀၁ သောင်း ၇၀၀ တန်၊ ပဲစွန်ပဲ ၆၁၂ သောင်း ၇၅၀ တန်နှင့် ခဲသွပ် အရောသတ္တု ၃၄၆ သောင်း ၀၀၀ တန်တို့ ဖြစ်သည်။

၁၂-၆-၂၀၂၃ ရက်မှ ၁၈-၆-၂၀၂၃ ရက်အတွင်း အများဆုံးအမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဒီဇယ်/ဓာတ်ဆီ၊ CMP စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ သွပ်လိပ်၊ ဆိုလာပြား၊ သံပိုက်၊ အလူမီနီယံသံဘောင်၊

စာမျက်နှာ ၅ ကော်လံ ၁ ◆


ယနေ့ ဖတ်စရာ

## "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၇)

(ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)

ဆောင်းပါး　စာ ၆







## နိုင်ငံ့ဂုဏ် ဆက်လက်မြင့်တင်ကြစို့ . . .

ဆောင်းပါး

စာ ၁၀

## ယဉ်ကျေးမှုများ တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်း ထာဝရရှင်သန်တိုးတက်ထွန်းကားရန် တည်ဆောက်

ယဉ်ကျေးမှုဟူသည် လူတို့၏ နေထိုင်ရာ ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု စသည်တို့အပေါ်တွင် အခြေတည်ပြီး ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက် အတွေ့အကြုံများမှ ပေါ်ထွန်းလာသည့် ဒြပ်ရှိ ဒြပ်မဲ့အရာများ ဖြစ်သည်။ သို့ဖြစ်ရာ လူမျိုး၊ လူမျိုးစု၊ လူမျိုးနွယ်အလိုက် နေထိုင်ရာဒေသ ကွဲပြားခြားနားသည်နှင့်အမျှ ယဉ်ကျေးမှုများသည်လည်း သီးခြားဝိသေသလက္ခဏာများဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုများဖြစ်ထွန်းနေကြပြီး အတူတကွ နေထိုင်ခြင်း၊ အပြန်အလှန်ကူးလူးဆက်ဆံခြင်းတို့ဖြင့် ယဉ်ကျေးမှုများ ပေါင်းစည်းခြင်း၊ ရောယှက်ဆက်နွယ်ခြင်း၊ ပြောင်းလဲတိုးတက်ခြင်းတို့လည်း ဖြစ်ပေါ်လာသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် အတူတကွနေထိုင်ကြပြီး မတူကွဲပြားသော ယဉ်ကျေးမှုများ အတူယှဉ်တွဲတည်ရှိနေသည့် အရောင်အသွေး စုံလင်သော ယဉ်ကျေးမှုများနှင့် လှပသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ယဉ်ကျေးမှုဟူသည် လူမျိုးတို့၏ ဘဝရှင်သန်ဖြတ်သန်းမှုဟန်ပန်များဖြစ်ရာ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟူ၍ ခွဲခြားနိုင်သည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုနှင့် ဒြပ်ရှိယဉ်ကျေးမှုဟူ၍ ခွဲခြားခြင်းဖြစ်ပြီး ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ရိုးရာယုံကြည်ကိုးကွယ်မှု၊ လက်မှု အနုပညာများနှင့် အနုသုခုမပညာရပ်များ စသည်တို့မှာ ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်၍ အဆောက်အအုံများ၊ လက်နက်ကိရိယာများ၊ အသုံးအဆောင်များ၊ လှေလှည်းယာဉ်များ၊ တူရိယာပစ္စည်းများ စသည်တို့မှာ ဒြပ်ရှိယဉ်ကျေးမှုများ ဖြစ်ကြသည်။ မြန်မာ့မြေပေါ်တွင် သမိုင်းတစ်လျှောက် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ယဉ်ကျေးမှုများအားလုံးသည် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည့်အလျောက် မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုသလို ထာဝရရှင်သန် တိုးတက်နေစေရန်အတွက်လည်း ဆက်လက်တည်ဆောက်ကြရန်လိုသည်။

မျက်မှောက်ကာလ နိုင်ငံများအနေဖြင့် ကမ္ဘာ့အလယ် နိုင်ငံတကာမျက်နှာစာတွင် ဂုဏ်သိက္ခာရှိရှိ၊ မားမားမတ်မတ် ရပ်တည်နိုင်ရန် အခြေခံအင်အား သုံးရပ်ဖြစ်သည့် ကာကွယ်ရေးအင်အား၊ စီးပွားရေးအင်အားနှင့် နိုင်ငံရေးအင်အား တို့ကို ခိုင်ခိုင်မာမာ၊ တောင့်တောင့်တင်းတင်းဖြစ်အောင် တည်ဆောက်ကြရသည်။ အဆိုပါအင်အားသုံးရပ် တောင့်တင်းခိုင်မာစေရန်အတွက် Hard Power ခေါ် ပါဝါအမာနှင့် Soft Power ခေါ် ပါဝါအပျော့တို့ကို လိုသလို ပေါင်းစပ်ကျင့်သုံးကြရသည်။ ပါဝါ၏ သဘောတရားမှာ "မိမိတို့အလိုရှိသည့် ရလဒ်ပေါ်ထွက်လာစေရန် ပြုလုပ်နိုင်သည့် အရည်အချင်း" ကို ဆိုလိုခြင်းဖြစ်ပြီး Soft Power ခေါ် ပါဝါအပျော့တွင် ယဉ်ကျေးမှုကဏ္ဍမှာ ကြီးကြီးမားမား ပါဝင်လျက်ရှိသည်။ မိမိတို့၏ ယဉ်ကျေးမှုကို မြှင့်တင်ခြင်း၊ နိုင်ငံတကာက နားလည်လက်ခံလာစေရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ခြင်းနှင့် ယဉ်ကျေးမှုပို့ကုန်များ တင်ပို့ခြင်းတို့ကို ကမ္ဘာ့နိုင်ငံများစွာတို့က ဆောင်ရွက်နေကြချိန်တွင် အမှုမဲ့၊ အမှတ်မဲ့ မနေမိကြရန်လိုသည်။

လက်ရှိအချိန်တွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုမှာ စိုးရိမ်ဖွယ်ရာကောင်းအောင် တိုက်ခိုက်ခံနေရချိန်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားအများစု သုံးစွဲနေကြသော အင်တာနက်လူမှုကွန်ရက်များမှနေ၍ မိမိတို့လူ့အဖွဲ့အစည်း၏ နှုန်းစံတန်ဖိုးများ၊ ကိုးကွယ်သည့် ဘာသာတရား၊ စာပေနှင့်ဘာသာစကား၊ အစဉ်အလာထုံးဓလေ့များ စသည်တို့ကို ပုံပျက်ပန်းပျက်ဖြစ်စေရန် ဖျက်ဆီးလျက်ရှိသည်။ နိုင်ငံတွင် နိုင်ငံရေးအရ အမြင်ကွဲပြားခြားနားမှုများ ရှိနိုင်သည့်တိုင်အောင် အမျိုးသားယဉ်ကျေးမှုဟူသည် ဖျက်ဆီးအပ်သောအရာ၊ ကွဲပြားခြားနားအပ်သောအရာ မဟုတ်ဘဲ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်အပ်သောအရာ၊ တိုးတက်ထွန်းကားအောင် မြှင့်တင်အပ်သောအရာသာလျှင် ဖြစ်ပါကြောင်း။ ။



## ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၃)မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၃)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးသိန်းကိုကိုနှင့် ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၃/၂၀၂၂ (မကွေး)နှင့် ၁၄/၂၀၂၂ (မွန်)၊ တရားမအထူးအယူခံမှုအမှတ် ၄၃/၂၀၂၀ (ရန်ကုန်)၊ ၃၃/၂၀၂၂ (မန္တလေး) နှင့် ၃၆/၂၀၂၂ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၀၃/၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်)နှင့် ၄၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၃)မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယစာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၉**



ဒုတိယစာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ သင်တန်းသားများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယစာရင်းစစ်ချုပ်က သင်တန်းတွင် လိုက်နာကျင့်သုံးရမည့် စစ်ဆေးရေးနည်းလမ်း၊ သတ်မှတ်ပုံစံများကို သိရှိနားလည်စေရေး အဓိကထား လေ့ကျင့်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှလေ့ကျင့်သင်ကြားမှုများကို အလေးထားသင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးပြု ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရိုးသားမှုကို အရင်းခံပြီး ပြည်သူ့အကျိုး ဦးထိပ်ထား၍ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းလိုက်နာသည့် စာရင်းစစ်ဝန်ထမ်းကောင်း ဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ သင်တန်းသား ၆၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စာရင်းစစ်ရုံးများမှ သင်တန်းသား ၁၂ ဦးနှင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့မှအွန်လိုင်းဖြင့်တက်ရောက်သည့် သင်တန်းသား ၃၁ ဦး စုစုပေါင်း သင်တန်းသား ၁၁၂ ဦးတို့ကို အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နေပြည်တော်တွင် ဇွန် ၁၉ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ဘာသာရပ်ခြောက်ခုဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ကော့ကရိတ်မြို့၊ သိမ်ဇရပ်မြို့အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အဦများ ပြုပြင်ရေးကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ ဇွန် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အဦများ ဘက်စုံပြန်လည်ပြုပြင်မွမ်းမံခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

**စနစ်ကျပြုပြင်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာမှုလက်ရာများ ပျက်စီးဆုံးရှုံးမှုများကိုလည်း မူလလက်ရာမပျက် အမြန်ဆုံးပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း၊ သာသနိကအဆောက်အဦများ ပြုပြင်မွမ်းမံရန် ဂေါပကအဖွဲ့များအနေဖြင့် အစီအမံများ စနစ်တကျရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများနှင့် သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များလှူဒါန်းနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး စည်းရုံးလှုံ့ဆော်ခြင်း၊ သတင်းထုတ်ပြန်အသိပေးခြင်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စစ်တွေမြို့ပေါ်ရှိ ဘုရားစေတီ ဂေါပကအဖွဲ့များက သာသနိကအဆောက်အဦများ ထိခိုက်ပျက်စီးမှုနှင့် ဘက်စုံပြုပြင်မွမ်းမံရန် ပြင်ဆင်ဆောင်ရွက်



ကျောက်တော်မြို့ပေါ်ရှိ မဟာမုနိဘုရားကြီး လျှပ်စစ်မီးများ ပူဇော်ထားရှိမှု။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အဦများ ဘက်စုံပြန်လည်ပြုပြင်မွမ်းမံခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

စကားပြောကြားသည်။

အဆိုပါ နည်းပညာအထက်တန်းကျောင်း (စစ်တွေ)၌ ကျောင်းသား ကျောင်းသူ ၇၆ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း ဝန်ထမ်းအိမ်ရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အလားတူ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေ တက္ကသိုလ်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့သို့ ရောက်ရှိပြီး

*စာမျက်နှာ ၅ သို့*

ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိုခါမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့သည့် နောက်ပိုင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အဦများ ပြုပြင်ရေးကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများနှင့် သာသနိကအဆောက်အဦများကို ပြုပြင်ရာတွင် မူလအလှူရှင်များ၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများအား ဘုရားဂေါပကအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အမြန်ဆုံးပြီးစီးအောင် စနစ်ကျပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ သံဃနာယကအဖွဲ့များနှင့် တွေ့ဆုံဩဝါဒလမ်းညွှန်မှုခံယူ၍ ဘက်စုံပြုပြင်ရေးလုပ်ငန်းများကို အမြန်ကောင်းမွန်အောင် ဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ) သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ကျောင်းဆောင်နှင့် စာသင်ခန်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို မေးမြန်းကြည့်ရှုကာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။





ကျောက်တော်မြို့ ဓာတ်အားခွဲရုံမှ ကျောက်တော်မြို့ပေါ်ရပ်ကွက်များသို့ ရာနှုန်းပြည့် ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

မြန်မာ့အလင်း အင်္ဂါ၊ ဇွန် ၂၀၊ ၂၀၂၃

# ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ( KKDUP )နှင့် ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**လားရှိုး ဇွန် ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အဖွဲ့ဝင် ဦးမြင့်ဦး၊ ဦးခင်မောင်ဦး တို့နှင့်အတူ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီးသော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ(KKDUP) နှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့မှ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များကို ယနေ့ နံနက် ၈ နာရီခွဲတွင် လားရှိုးမြို့ နယ်မြေခံတပ်ညွှန့်ရိပ်သာ၌ တွေ့ဆုံပြီး **(ယာပုံ)** နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း စုဆောင်းရမည့် ပါတီဝင်အင်အားနှင့် ဖွင့်လှစ်ရမည့် ပါတီရုံးခန်းများကို အချိန်မီပြီးစီးအောင် စနစ်တကျဆောင်ရွက်ရေး၊ ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်နှင့် ပါတီအလံများ စိုက်ထူခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရေး၊ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီအဖြစ် တည်ဆောက်ရေးနှင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပမည့်ရွေးကောက်ပွဲများတွင် မိမိတိုင်းရင်းသားဒေသများအလိုက် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ ယခင်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သော မဲမသမာမှုများကို သုံးသပ်ပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အတည်ပြုပြဋ္ဌာန်းပြီးပါက နိုင်ငံရေးပါတီများက ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး၊ မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းစဉ်များတွင်လည်း နိုင်ငံရေးပါတီများကို ပူးပေါင်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားရှိရေး မှာကြားရာ သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)ကို ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက် (၁၂) နယ်မြေ(၁၉) မန်ဆူရှမ်းကျောင်းနောက် ဟူးမွန်လမ်း အမှတ်(၄/၁၉/၇၆၄) တွင် ပါတီဌာနချုပ်ရုံး ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ် မေ (၁၆)ရက်စွဲပါ ကြေညာချက်အမှတ် (၂၁/၂၀၂၃) ဖြင့် လည်းကောင်း၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ တုံချန်ရပ်ကွက်(၁) ကြည်ရှန်လမ်းတွင် ပါတီဌာနချုပ်ရုံးဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ် မေ (၃၀) ရက်စွဲပါ ကြေညာချက်အမှတ်(၂၄/၂၀၂၃) ဖြင့် လည်းကောင်း မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုကြည့်ရှု

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးစိုးဦး၊ ဦးအောင်မိုးမြင့်တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် မှတ်ပုံတင်ခွင့်ရရှိပြီး ဖြစ်သည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့် အကွက်အမှတ် (၅) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယနေ့တွင် ပါတီဌာနချုပ်၌တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုသည်။



ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ပါတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသော ပါတီဝင်အင်အား ၁၀၀၀၀၀ ပြည့်မီရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စု တစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်ရန်၊ ပါတီအလံနှင့် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်နာ ဆောင်ရွက်သွားရန်၊ ပါတီ၏ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန်၊ ပါတီဝင်များ ကိုင်ဆောင်ထားသည့် သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အစားထိုး လဲလှယ်နိုင်ရေး သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက်သွားရန်၊ အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲများတွင် မိမိပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်ခံရပြီး နိုင်ငံတော်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အစည်းအဝေးခန်းမ၊ ဥက္ကဋ္ဌရုံးခန်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ ရုံးခန်းများ၊ စာကြည့်တိုက်၊ ပါတီဝင် အင်အားစာရင်းများ ထားရှိသည့် မှတ်တမ်းဌာနနှင့် သင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)** **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ဖက်ခင်းလမ်း၊ မြေ အမှတ်(၂)တွင် ပါတီရုံးချုပ် တည်ရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)၏ အလံပုံစံ**



**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

*စာမျက်နှာ ၃ မှ*

တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် တက္ကသိုလ်အင်္ဂါရပ်နှင့် ညီညွတ်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မိုးတွင်းကာလတွင် တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်နေမှုများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အဆောက်အဦများ၏ အတွင်းပိုင်းများ ပြန်လည်ပြုပြင်မှု၊ စားရိပ်သာအတွင်း ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ စည်းစနစ်ကျနစွာ ကျောင်းတက်ရောက်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ ကေဗွီ ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးသဖြင့် ဇွန် ၁၈ ရက် မှစတင်၍ ကျောက်တော်မြို့ပေါ်ရှိ မဟာမုနိဘုရားကြီး အပါအဝင် မြို့ပေါ်ရပ်ကွက်များသို့ ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ပြုလုပ်ခဲ့သည့် မြန်မာအရေးကိစ္စနှင့်ပတ်သက်သည့် အလွတ်သဘောဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၁၉**

ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးမစ္စတာဒွန်ပရာမွန်းဝီနိုင်း၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်၁၉ ရက်တွင် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ပြုလုပ်ခဲ့သည့် မြန်မာအရေးကိစ္စနှင့်ပတ်သက်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အလွတ်သဘောဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့နှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အထူးကိုယ်စားလှယ်၊ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံက အာဆီယံ၏ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှု၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီပြန်လည်ထူထောင်ရေး ကိစ္စများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မြန်မာအရေးကိစ္စနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ရွှေဖုံးမှ*

ဓာတ်မြေသြဇာ၊ အစားအစာထုပ်ပိုးသည့် ပလတ်စတစ်အကြည်လိပ်နှင့် သံချောင်းတို့ ဖြစ်သည်။ ၁၂-၆-၂၀၂၃ ရက်မှ ၁၈-၆-၂၀၂၃ ရက်အတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအား ကျောက်စိမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၃၁၀၄ ဒသမ ၆၀၂ နှုန်း၊ ငါးရှဥ့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉၅ ဒသမ ၃၁၀ နှုန်း၊ ဝါဂွမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၉၅ ဒသမ ၇၂၈ နှုန်း၊ ကဏန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၁၆ ဒသမ ၈၃၃ နှုန်း၊ ကြက်သွန်နီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဒသမ ၈၈၈ နှုန်း၊ သရက်သီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၂ ဒသမ ၉၈၁ နှုန်း၊ ဆန်ကွဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဒသမ ၁၉၅ နှုန်း၊ ကြေးနီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၉၀၉ ဒသမ ၉၁၄ နှုန်း၊ ပုစွန်ဖွဲ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ဒသမ ၂၅၅ နှုန်း၊ ခဲသွပ်အရောသတ္တု တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၂၇ ဒသမ ၃၀၀ နှုန်းဖြင့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **စီးပွား/ကူးသန်း**

## မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ကူညီနိုင်ရေး ရန်ပုံငွေရရှိစေရန် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများကို ဂုဏ်ပြုသည့်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအား ထောက်ပံ့ကူညီနိုင်ရေး ရန်ပုံငွေရရှိရန် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ SKY STAR HOTEL ၌ ကျင်းပသည်။



မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ၏ ပဒေသာကပွဲကို ဇွန် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ စုပေါင်းဖျော်ဖြေတင်ဆက်၍ ရန်ပုံငွေ ရှာဖွေခဲ့ကြသည်။

အလားတူ ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင် ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာ ရုပ်ရှင်အသင်း (MOVIE FC)၊ ဂီတအသင်း (MUSIC FC)၊ ညွန့်ပေါင်းအသင်း (OLD STAR FC)၊ FOREVER FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ်များ တစ်ခဲနက် လာရောက်အားပေးကာ စေတနာသဒ္ဓါတရား ထက်သန်စွာ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ မကြာမီကာလတွင် အဆိုပါ ရန်ပုံငွေပွဲများမှ လှူဒါန်းရရှိငွေများအား အနုပညာရှင်များ၊ အတတ်ပညာရှင်များက ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းကြမည်ဟု သိရသည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် ဟာသပညာရှင်များ အစည်းအရုံးတို့မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင် ဘောလုံးသမားဟောင်းများ၊ မိုခါမုန်တိုင်း ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင် လှူဒါန်းထောက်ပံ့ခဲ့ကြသည့် အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မိုခါမုန်တိုင်း မကျရောက်မီ ကြိုတင်ပြင်ဆင်မှု၊ မုန်တိုင်းကျရောက်စဉ် အရေးပေါ်တုံ့ပြန်မှုနှင့် ကူညီကယ်ဆယ်ရေး ဆောင်ရွက်မှု၊ မုန်တိုင်းကျရောက်ပြီးနောက် အပျက်အစီးများ ရှင်းလင်းဖယ်ရှားမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံ့အကြီးအကဲများကိုယ်တိုင် သွားရောက်၍ စီမံလုပ်ဆောင်မှု၊ ဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍများအလိုက် အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြည်တွင်း ပြည်ပ အလှူရှင်များက ဆက်သွယ်ပေးပို့လှူဒါန်းမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအား အနုပညာရှင်များ သွားရောက်တွေ့ဆုံလှူဒါန်း၍ အားပေးစကားပြောကြားမှု၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသ အစည်းအရုံးတို့ ပူးပေါင်း၍ ရန်ပုံငွေရှာဖွေရေး ပဒေသာကပွဲ ကျင်းပမှု၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် အနုပညာရှင်များပူးပေါင်း၍ ရန်ပုံငွေ ဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကျင်းပမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကို စည်းလုံးမှု စုပေါင်းစွမ်းအားဖြင့် တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်မှု သရုပ်ဖော် Video Clip ကို ဖွင့်လှစ်ပြသရာ စုပေါင်းကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မေ ၁၄ ရက်က အလွန့်အလွန် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်ခံရသည့်အတွက် ရခိုင်ပြည်နယ်၌ ထိခိုက်ပျက်စီးဆုံးရှုံးမှု များခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် လူအင်အား၊ စက်ကိရိယာအင်အားများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းမှ စာနာထောက်ထားသောအားဖြင့် အလှူငွေများ ပါဝင်လှူဒါန်းလျက်ရှိပါကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ဟာသ အနုပညာရှင်၊ အတတ်ပညာရှင်များက စိတ်ရင်းစေတနာမှန်စွာဖြင့် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့်အတွက် များစွာဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း၊ နောင်လာမည့် အနာဂတ်တွင်လည်း နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) နာယက ဦးချမ်းသာ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးအတွင်းရေးမှူး ဦးချစ်စုနှင့် မိုခါရန်ပုံငွေ ဘောလုံးပွဲနှင့် တေးဂီတဖျော်ဖြေပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦးတို့က ဝမ်းမြောက်စကား ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများအား လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အနုပညာရှင် အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ **သတင်းစဉ်**

## ရွှေဘိုမြို့၌ အခြေခံစက်ချုပ် အခမဲ့ သင်တန်းဆင်း

**ရွှေဘို ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီက ဦးဆောင်ဖွင့်လှစ်သည့် အခြေခံစက်ချုပ်(အခမဲ့) သင်တန်းအမှတ်စဉ်(၂/၂၀၂၃) ဆင်းပွဲကို ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနခရိုင်မှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို မေ ၂၅ ရက်မှ ဇွန် ၁၉ ရက်အထိ ပြုလုပ်ခဲ့ကာ စက်ကိုင်တွယ် အသုံးပြုနည်းများ၊ စက်နင်းလေ့ကျင့်ခြင်းနှင့် အခြေခံချုပ်ရိုးများ ချုပ်ခြင်းစသည်ဖြင့် ဘာသာရပ် ၁၆ မျိုးကို သင်ကြားပေးခဲ့ပြီး သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၇)
## (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)



စစ်တွေမြို့တွင်း ဆက်သွယ်ရေးလိုင်းများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေစဉ်။

❖ **ကျိုးကျပျက်စီးသွားသော ကွန်ကရစ်တိုင်များနေရာတွင် ၈ မီတာ တိုင် ၄၀၀ အစားထိုး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပျက်စီးသွားသော ကော့ပါးကေဘယ်လ်များနေရာတွင် ဖိုင်ဘာကေဘယ်လ် ၆၃၀၀၀ မီတာဖြင့် အစားထိုးတပ်ဆင်ပေးမည်ဖြစ်ရာ လာမည့် ဇူလိုင်လလယ်တွင် ပြီးစီးမည်ဖြစ်သည်။ ယင်းကဲ့သို့ ဝန်ထမ်းအင်အားစုဖွဲ့မှု အားကောင်းစွာဖြင့်လည်းကောင်း၊ ယာဉ်နှင့် ကရိန်းကားအစီး ၃၀ အသုံးပြု၍လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဇွန် ၁၂ ရက်အထိ မိုဘိုင်းစခန်း ၁၂၁၇ ခု၊ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၀ ရာခိုင်နှုန်း ပြန်လည်၍ ဝန်ဆောင်မှုပေးနေပြီဖြစ်သည်**

### ဖျတ်ခနဲ အမှတ်ရလိုက်မိသော မှတ်တမ်းဓာတ်ပုံလေးများ

မိုခါမုန်တိုင်းဒဏ်သင့် စစ်တွေမြို့ကြီး မေ ၁၄ ရက်မှစ၍ မီးအမှောင်ကျသွားခဲ့သည်။ တာဝန်ရှိသူများ၏ စီမံကွပ်ကဲမှု၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများ၏ ကြိုးပမ်းမှုတို့ဖြင့် မေ ၂၅ ရက်တွင် လောကာနန္ဒာ စေတီတော်ကြီးအား လျှပ်စစ်မီး ပူဇော်နိုင်ခဲ့သလို စစ်တွေမြို့တွင်းလမ်းမကြီးများကို မီးလင်းစေခဲ့သည်။ ၅၀၀ ကေဗွီအေ မီးစက်ဖြင့် ယာယီပေးခဲ့ခြင်းဖြစ်၏။ တစ်ပြိုင်တည်းမှာပင် တယ်လီဖုန်းများ အားသွင်းရန်၊ အိမ်သုံးလျှပ်စစ်မီးအိမ်များ အားသွင်းရန် နေရာရှစ်ခုသတ်မှတ်၍ စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ညစဉ်ညတိုင်း လာရောက်အားသွင်းသူ ရာထောင်ချီ၍ ရှိခဲ့သည်။ ကိုယ်ပိုင်မီးစက်မသုံးနိုင်သူများအဖို့တော့ ၁၀ ရက်ခန့်အကြာမှာ လျှပ်စစ်မီးကို ပြန်မြင်ရခြင်း၊ ဖုန်းအားသွင်းနိုင်ခြင်းသည် ကမ္ဘာဦးလူတို့ နေနှင့်လကို စမြင်လိုက်ရသကဲ့သို့ အံ့ဩဝမ်းသာဖြစ်မိကြမှာမလွဲပေ။ လူတစ်ဦးချင်းစီအတွက်၊ မိသားစုအတွက်၊ မိမိတို့လုပ်ငန်း ဆောင်တာများအတွက် ဆက်သွယ်ရေးကဏ္ဍသည် မရှိမဖြစ်လိုအပ်နေသည် မဟုတ်ပါလား။

ထိုနေ့ထိုရက်များက ယဉ်ကျေးမှုပြတိုက်ရှေ့မှာ၊ ကားကြီးဝင်းမှာ စစ်တွေမြို့သူမြို့သားများစွာ တယ်လီဖုန်းအားသွင်းရန် စုဝေးရောက်ရှိနေသည့် မှတ်တမ်းဓာတ်ပုံလေးများကို မြင်လိုက်ရသောအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့စဉ် စုဆောင်းသိမ်းဆည်းထားသော မှတ်တမ်းဓာတ်ပုံလေးများကို အမှတ်ရမိသည်။ ၁၉၈၉ ခုနှစ် မေ ၉ ရက်တွင် "ဝ" တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ချိန်မှစ၍ 'ဝ'ဒေသ ဝိန်းကောင်၊ ပန်ဆန်း၊ မိုင်းမောဒေသများ၌ နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဟိုပန်-မိုင်းမော-ပန်ဆန်းလမ်းက တစ်ကြောင်းထိုးမြေလမ်းသာသာ အဆင့်မျှသာ။ တာကော်အက်-ဝိန်းကောင်- ပန်ဆန်းလမ်းကလည်း ဖောက်လုပ်ဆဲ။ ထိုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အချိန်မှာပင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့၏လမ်းညွှန်မှုဖြင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီသည် ပန်ဆန်းမြို့ (၁၉၈၉ ခုနှစ်က ပန်ဆန်းကျေးရွာ)သို့ ရုပ်ရှင်ပြစက်များပို့ဆောင်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသတင်းမှတ်တမ်းကားများ ပြသပေးခြင်း၊ အပေါ်စက် အောက်စက်ဟုခေါ်သည့် ဗီဒီယိုပြစက်များဖြင့် ဗီဒီယိုဇာတ်ကားများပြသပေးခြင်း၊ သတင်းနှင့် စာနယ်ဇင်းအဖွဲ့များ စေလွှတ်၍ ဆောင်းပါးများ ရေးသားခြင်း၊ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ ရုပ်သံအစီအစဉ်များ ရိုက်ကူးပြသခြင်းတို့ ဆောင်ရွက်စေခဲ့သည်။ ကိုးကန့်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ(မိုင်းလားဒေသ)များ ဆီသို့လည်း အလားတူစေလွှတ်ပေးခဲ့သည်။

ထိုအချိန်ကာလတုန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပင်တိုင်ဓာတ်ပုံဆရာများ ဖြစ်သော ကိုအောင်တင်၊ ကိုသန်းအောင်၊ ကိုခင်မောင်ကျော်၊ ကျော်ဆွေမိုး၊ မိုးမင်းလှိုင်တို့၏ လက်ရာတွေပဲလားတော့မသိ။ ပန်ဆန်းမြို့ ဘုန်းတော်ကြီးကျောင်းမှာ ဗီဒီယိုဇာတ်ကား ပြသနေသည်ကို 'ဝ'တိုင်းရင်းသား တိုင်းရင်းသူ ၂၀၀ ခန့် ဝိုင်းအုံကြည့်ရှုသဘောကျ ရယ်မောနေလိုက်ကြပုံကို ရိုက်ထားသည်မှာ အသက်ဝင်လှသည်။ မိုင်းလားဒေသမှာလည်း ထိုနည်းတူစွာပင်။ သက်ငယ် မိုးထရံကာ မိုင်းလား အမက ကျောင်းလေးရှိရာသို့ ကျောင်းတက်ရန် သွားနေကြသော ကျောင်းသားလေးများကို ရိုက်ထားသည့်ပုံ၊ ယခင်မိုင်းလား ကျေးရွာငယ်လေးပုံ စသည်တို့ကို မှတ်တမ်းတင်ခဲ့ကြသည်။ ယနေ့အချိန်အခါမှာတော့ ပန်ဆန်းသည်လည်းကောင်း၊ မိုင်းလားသည်လည်းကောင်း၊ ကိုးကန့်ဒေသ လောက်ကိုင်မြို့သည်လည်းကောင်း ဟည်းဟည်းထနေသည့် မြို့ကြီးများအဖြစ်သို့ ရောက်ရှိနေပြီဆိုတော့ကာ ကျွန်တော် တယုတယသိမ်းဆည်းထားသော အဆိုပါဓာတ်ပုံလေးများက ပန်ဆန်းရွာ၊ မိုင်းလားရွာလေးများအကြောင်း၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များအကြောင်း ပြန်ပြောင်းပြောပြကြပါလိမ့်မည်။ "မိုခါ" မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသည့် လုပ်ငန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများသည်လည်း တစ်ချိန်မှာ ရခိုင်တိုင်းရင်းသားများအတွက် အမှတ်တရရှိနေကြပါလိမ့်မည်။ စကားပြောသော ဓာတ်ပုံလေးများ ဖြစ်လာကြပါလိမ့်မည်။

### ဆက်သွယ်ရေးကဏ္ဍကြိုတင်စီစဉ်ဆောင်ရွက်မှုများ

မုန်တိုင်းဝင်ရောက် တိုက်ခတ်ပြီဆိုလျှင် လျှပ်စစ်မီးများ ပြတ်တောက်သွားမှာဖြစ်သလို ဆက်သွယ်ရေးကဏ္ဍသည်လည်း အနည်းနှင့်အများ ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ရတော့မည်မှာ မလွဲပေ။ သည့်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အကောင်းဆုံး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ အကယ်၍ မုန်တိုင်းဒဏ်ကြောင့် မိုက်ခရိုဝေ့ဗ်နှင့် ဖိုင်ဘာဆက်ကြောင်းများ ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သော် အရေးပေါ် ဆက်သွယ်ဆောင်ရွက်နိုင်ရန် တယ်လီဖုန်းလေးလုံးနှင့် အင်တာနက်စနစ် အသုံးပြုနိုင်သော ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံး Satellite Terminal ၁၀ စုံကို ရခိုင်ပြည်နယ်အတွင်း၌ ကျောက်ဖြူ၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပေါက်တောနှင့် စစ်တွေမြို့များတွင်လည်းကောင်း၊ ချင်းပြည်နယ်အတွင်းမှ မတူပီနှင့် မင်းတပ်မြို့များတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ ကိုကိုးကျွန်းတွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း ကြိုတင်ပို့ဆောင်ထားရှိခဲ့သည်။ အလားတူ မိုဘိုင်းယာဉ်လေးစီးကို ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ၊ ပုသိမ်မြို့များ၌ ဖြန့်ခွဲထားရှိခဲ့ပြီး တိကျသော မိုးလေဝသခန့်မှန်းချက်များ ထွက်ပေါ်လာချိန်တွင် စစ်တွေမြို့သို့ လေးစီးစလုံး ပို့ဆောင်ထားရှိပေးခဲ့သည်။ MPT Satellite Terminal စနစ်များနှင့် မိုဘိုင်းယာဉ်များကို ဒေသအလိုက် ကြိုတင်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

### မိုဘိုင်းဖုန်းများမှ သတိပေးစာတိုများ ပေးပို့ခဲ့

မိုခါမုန်တိုင်း မဝင်ရောက်မီ အကြိုကာလများတွင် ရခိုင်ပြည်နယ်အပါအဝင် ဧရာဝတီ၊ ချင်း၊ မကွေး၊ စစ်ကိုင်းတို့သည်လည်း အခြေအနေအရပ်ရပ်ကို ကြိုတင်မြော်တွေးလျက် ပြင်ဆင်ဆောင်ရွက်ခဲ့ကြရသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များ ရရှိလာချိန်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မိုဘိုင်းဖုန်းသုံးစွဲသူများထံသို့ သတိပေးစာတို (Short Message SMS)များကို အချိန်နှင့်တစ်ပြေးညီပေးပို့ခဲ့သည်။ မှတ်တမ်းများအရ မေ ၈ ရက်မှ ၁၄ ရက် နံနက်ခင်းအထိ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှ မိုဘိုင်းဖုန်းသုံးစွဲသူ ၃၁ သန်းကျော်ထံသို့ ၁၁ ကြိမ်တိတိ SMS ပေးပို့ထားကြောင်း သိရသည်။

### မိုခါဝင်ရောက်တိုက်ခတ်ပြီးနောက် ထိခိုက်ပျက်စီးမှုများ

မေ ၁၄ ရက် ရခိုင်ပြည်နယ်အတွင်းသို့ မိုခါဝင်ရောက်လာပြီးနောက် ရခိုင်ပြည်နယ် အမ်းမြို့နယ်နှင့် ၎င်းနှင့်ဆက်စပ်နယ်မြေ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း ပင်မဖိုင်ဘာကေဘယ်လ်ပြတ်တောက်မှု ငါးနေရာဖြစ်ပေါ်ခဲ့သည်။ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် မောင်တောမြို့များတွင် တာဝါတိုင် ၁၀ တိုင်ပြိုလဲခြင်း၊ မြို့တွင်း ဖိုင်ဘာကေဘယ်လ်များ ပြတ်တောက်ခြင်း၊ မြို့တွင်းနှင့် အဝေးဆက်သွယ်ရေး မိုက်ခရိုဝေ့ဗ် ဆက်ကြောင်းများ ပြတ်တောက်ခြင်းတို့ကြောင့် ဆက်သွယ်ရေးစခန်းများ ထိခိုက်ပျက်စီးခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း၌ မိုဘိုင်းစခန်း ၁၂၃၃ ခု ရှိသည့်အနက် စခန်း ၉၀၄ ခု ဆက်သွယ်မှုပြတ်တောက်သွားပြီး ကျန်စခန်း ၃၂၉ ခုသာ ဝန်ဆောင်မှုပေးနိုင်တော့သည့် အခြေအနေ ဖြစ်ပေါ်ခဲ့သည်။ တစ်နည်းအားဖြင့် ၂၆ ဒသမ ၆၈ ရာခိုင်နှုန်းသာ

စာမျက်နှာ ၇ သို့



မိုဘိုင်းဆက်သွယ်ရေးယာဉ်များအား စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့စဉ်။



စစ်တွေဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် ရေယာဉ်ကြီးများပေါ်မှ ကယ်ဆယ်ကူညီ ထောက်ပံ့ရေးပစ္စည်းများ ချနေစဉ်။



တပ်မတော်လေယာဉ်ကြီးများဖြင့် ကယ်ဆယ်ကူညီထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးစဉ်။

*စာမျက်နှာ ၆ မှ*

ကောင်းမွန်တော့သည်။ စစ်တွေမြို့တွင်း၌လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများ၏ ကွန်ကရစ်တိုင် စုစုပေါင်း ၄၅၀ နှင့် ကေဘယ်လ်ကွန်ရက်၏ ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးချွတ်ယွင်းသွားခဲ့သည်။

**ကြီးကြပ်ကွပ်ကဲရေးတာဝန်နှင့်စုဖွဲ့မှု**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အနီးကပ်ကြီးကြပ် ကွပ်ကဲရန်အတွက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ တာဝန်ပေးခြင်းခံရသည်။ မေ ၁၅ ရက်တွင် ကွပ်ကဲမှုစတင် ရယူခဲ့ကြသည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးမင်းဦးတို့ အတူပါရှိလာသလို အခြားသော ဦးစီးဌာန၊ လုပ်ငန်းများမှ တာဝန်ရှိသူများလည်း အင်နှင့် အားနှင့် ရောက်ရှိလာကြသည်။ လေကြောင်းပို့ဆောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် အဖွဲ့ဝင် ၁၂ ဦး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးဝင်းကိုအောင်နှင့် လေးဦး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် တစ်ဦး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့် နှစ်ဦး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် နှစ်ဦး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနွေမိုးငြိမ်း၊ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်နှင့်နှစ်ဦး၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမင်းဦးတို့ ပါဝင်သည်။

ရခိုင်ပြည်နယ် ဆက်သွယ်ရေးကဏ္ဍ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းအင်အားစုဖွဲ့ပြင်ဆင်မှုကလည်း အားရစရာကောင်းလှသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၃၁၇ ဦး၊ Ooredoo မှ ၅၈ ဦး၊ ATOM မှ ၈၂ ဦး၊ Telecom International မှ ၇၉ ဦး စုစုပေါင်း ၅၃၆ ဦး ပါဝင် ထမ်းဆောင်လျက်ရှိသည်။ တစ်ဖက်က အော်ပရေတာများအလိုက် ဆက်သွယ်မှုအမြန်ပြန်ရစေရန် မိုဘိုင်းယာဉ်များဖြင့် Satellite Terminal များကို သက်ဆိုင်ရာမြို့အလိုက် အရေးကြီးနေရာများတွင် တပ်ဆင်ခြင်း၊ ချွတ်ယွင်းသွားသော ပင်မဖိုင်ဘာများနှင့် မိုက်ခရိုဝေ့ဗ်ဆက်ကြောင်းများ ပြုပြင်ခြင်း၊ အခြားလမ်းကြောင်းများမှ ပြောင်းလဲချိတ်ဆက်ခြင်း၊ ချွတ်ယွင်းပစ္စည်းများကို အရန်ပစ္စည်းများနှင့် အစားထိုးလဲလှယ်ခြင်း၊ မြို့တွင်း ကေဘယ်လ်ကွန်ရက်များကို ပြုပြင်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အခြားတစ်ဖက်မှာလည်း မြို့တွင်းကေဘယ်လ်များ ပြန်လည်ကောင်းမွန်စေရန် ကျိုးကျ ပျက်စီးသွားသော ကွန်ကရစ်တိုင်များနှင့် ကေဘယ်လ်များကို ဖယ်ရှားရှင်းလင်းခြင်း၊ အသစ်သွယ်တန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြရသည်။ ကျိုးကျ ပျက်စီးသွားသော ကွန်ကရစ်တိုင်များနေရာတွင် ၈ မီတာတိုင် ၄၀၀ အစားထိုး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပျက်စီးသွားသော ကော့ပါးကေဘယ်လ်များ နေရာတွင် ဖိုင်ဘာကေဘယ်လ် ၆၃၀၀၀ မီတာဖြင့် အစားထိုး တပ်ဆင်ပေးမည်ဖြစ်ရာ လာမည့် ဇူလိုင်လလယ်တွင် ပြီးစီးမည်ဖြစ်သည်။ ယင်းကဲ့သို့ ဝန်ထမ်းအင်အားစုဖွဲ့မှု အားကောင်းစွာဖြင့်လည်းကောင်း၊ ယာဉ်နှင့် ကရိန်းကားအစီး ၃၀ အသုံးပြု၍လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဇွန် ၁၂ ရက်အထိ မိုဘိုင်းစခန်း ၁၂၁၇ ခု၊ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၀ ရာခိုင်နှုန်း ပြန်လည်၍ ဝန်ဆောင်မှုပေးနေပြီ ဖြစ်သည်။

**အလှူဒါနပြုကြသူဌာ SMS မှာ**

မိုခါမုန်တိုင်းသင့် ရခိုင်ဒေသပြည်သူများအတွက် အော်ပရေတာအသီးသီးထံသို့ SMS များ ပေးပို့လှူဒါန်းလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇွန် ၁၃ ရက်အထိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ကျပ် ၅၇၅၄၅၀၀၊ Telecom International Myanmar သို့ ကျပ် ၁၃၈၂၅၀၀ ၊ Atom Myanmar သို့ ၈၂၁၅၀၀၊ Ooredoo သို့ ကျပ် ၂၆၆၅၀၀ စုစုပေါင်း ကျပ် ၈၂၂၅၀၀၀ ထည့်ဝင်လှူဒါန်းကြပြီး ဖြစ်သည်။ ထို့ပြင် ဆက်သွယ်ရေးအော်ပရေတာများကိုယ်တိုင်သည်ပင်လျှင် မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ MPT က သိန်း ၁၀၀၀၊ ATOM က သိန်း ၁၀၀၀၊ Telecom International Myanmar (Mytel)က သိန်း ၁၀၀၀ နှင့်ညီမျှသည့် စားသောက်ဖွယ်ရာများ၊ Ooredoo က ကျပ်သိန်း ၂၀၀ ပါဝင်လှူဒါန်းခဲ့သည်။

**အဓိကအကျဆုံးသော သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ**

ထိုကဏ္ဍကိုတင်ပြရလျှင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တစ်ခုတည်းကိုသာ ဖော်ပြ၍ မရတော့ပေ။ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အချိန်နှင့်တစ်ပြေးညီ တင်ပြနေရသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည်လည်းကောင်း၊ ရန်ကုန်မြို့မှ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းဖြင့် ကယ်ဆယ်ကူညီထောက်ပံ့ရေးပစ္စည်းများကို နိစ္စဓူဝ စီစဉ်ပို့ဆောင်ပေးနေရသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လည်းကောင်း၊ ရောက်ရှိလာသော အဆိုပါ ပစ္စည်းများကို အမိုးအကာအောက်သို့ အချိန်မီရောက်ရှိရေး၊ သက်ဆိုင်ရာ မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဖြန့်ဝေပေးပို့နိုင်ရေး စီမံဆောင်ရွက်နေရသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သည် လည်းကောင်း၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့၏ အခန်းကဏ္ဍသည်လည်းကောင်း၊ ပစ္စည်းများကို ပင်ပန်းကြီးစွာ ထမ်းပိုးသယ်ချ မတင်ပေးနေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပုဂ္ဂလိကပိုင် ရေယာဉ်ကြီးများ၏ အခန်းကဏ္ဍသည် လည်းကောင်း၊ အရေးကြီးသောနေရာများမှ အသီးသီး အသကပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများ ကအစ မိုးလေဝသပညာရှင်များပါမကျန် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတာဝန်များကို အောင်မြင်အောင် တက်ညီလက်ညီ ကြိုးပမ်းထမ်းဆောင်လျက်ရှိကြသည်။

**ကယ်ဆယ်၊ ကူညီ ထောက်ပံ့ပစ္စည်းများ ရောက်ရှိလာမှု**

မုန်တိုင်းလွန်ကာလဖြစ်သော မေ ၁၅ ရက်မှ ဇွန် ၁၂ ရက်အထိ တပ်မတော်(လေ)၏ Y-8 လေယာဉ်ဖြင့် ၃၆ ခေါက် သယ်ယူပေးခဲ့ပြီး ပစ္စည်းတန်ချိန် ၁၄၂ ဒသမ ၆၈ တန် ရောက်ရှိလာခဲ့သည်။ ATR လေယာဉ်ဖြင့် ၈၂ ခေါက်အထိ သယ်ယူပေးခဲ့ပြီး ပစ္စည်းတန်ချိန် ၂၄၇ ဒသမ ၆၆၃ တန် ရောက်ရှိပြီးဖြစ်သည်။ စုစုပေါင်း ၃၉၀ ဒသမ ၃၄၃ တန် သယ်ဆောင်ပေးခဲ့ကြသည်။ အဆိုပါရက်များအတွင်း ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနိုင်မှု အခြေအနေမှာ တပ်မတော်ရေယာဉ် ၁၀ စင်းဖြင့် ကုန်တန်ချိန် ၄၀၃၃ ဒသမ ၆ တန်ကို သယ်ယူပေးခဲ့သည်။ ပုဂ္ဂလိကပိုင် ကုန်တင်ရေယာဉ်ကိုးစင်းဖြင့် ကုန်တန်ချိန် ၁၄၈၈၅ တန် သယ်ယူခဲ့ရာ စုစုပေါင်း ၁၈၉၁၈ ဒသမ ၆ တန်ကို သယ်ယူပေးခဲ့သည်။

**ကြီးမားသောရေယာဉ်ကြီးများ**

အမှန်ပြောရလျှင် ပင်လယ်ကမ်းနားနှင့် သိပ်မနီးစပ်ခဲ့သော ကျွန်တော့်အနေဖြင့် စစ်ရေယာဉ် မုတ္တမကဲ့သို့သော၊ အရပ်ဘက်ရေယာဉ်ကြီးများ ဖြစ်ကြသည့် MV Aquarius၊ MV Fortune၊ MV Sunshine တို့ကဲ့သို့သော အလွန်ကြီးမားသည့် ရေယာဉ်ကြီးများနှင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိခဲ့ပေ။ နီးနီးစပ်စပ် မမြင်ဖူးခဲ့။ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၏ ဖိတ်ကြားခေါ်ယူမှုကြောင့် ကျွန်တော်တို့အားလုံး စစ်ရေယာဉ်မုတ္တမပေါ်သို့ တက်ရောက်လေ့လာခွင့် ရခဲ့သည်။ ဤရေယာဉ်ကြီးကို တစ်နှစ်အတွင်း တည်ဆောက် ရေချနိုင်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်ဟုဆို၏။ ကြီးမားထည်ဝါလှပါဘိ။ တိုက်တိုက်ဆိုင်ဆိုင် ၂၀၀၈ နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့စဉ်က ဦးစီးဌာန၏ တာဝန်ပေးချက်အရ ရန်ကုန်လေဆိပ်တွင် တာဝန်တစ်ခု ထမ်းဆောင်ခဲ့ရဖူးသည်။ ထိုစဉ်ကာလ အတွေ့အကြုံကတစ်မျိုး။ အလွန်ကြီးမားသည့် ကုန်တင်လေယာဉ်ကြီးများကို မြင်ခဲ့ဖူးခြင်းပင်။ အိမ်တစ်လုံးနီးပါးရှိသော လေယာဉ်ကိုယ်ထည်ကို မဆိုထားနှင့် လူတစ်ရပ်ခန့်မြင့်သည့် လေယာဉ်ဘီးကြီးတွေကြားမှာ ဝင်ရောက်သွားလာပြီး ပါလာသည့်ပစ္စည်းစာရင်း တောင်းယူ ကောက်ခံခဲ့ကြသည်ကို အမှတ်ရမိသည်။

**တည်ဆောက်ရေးပစ္စည်းများ ထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ**

ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးသက်လွင် ဦးဆောင်သော အဆိုပါ ကော်မတီအနေဖြင့်လည်း ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။ တည်ဆောက်ရေးပစ္စည်းများဟု ဆိုခဲ့သည့်အတိုင်း သင်္ဘောကြီးများပေါ်မှာ ပါလာသည့်ပစ္စည်းများ အမြန်ချနိုင်ရေး ဆိပ်ကမ်းအသီးသီးတွင် စနစ်တကျ ဆိုက်ကပ်၍ လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးတို့နှင့် ညှိနှိုင်းဆောင်ရွက်ရသလို သင်္ဘောပေါ်တွင် ပါလာသော သစ်၊ သံ၊ သွပ်၊ ဘိလပ်မြေ အစရှိသည့် တည်ဆောက်ရေးသုံး ပစ္စည်းများကို တပ်မတော်(ရေ) ကမ်းထိုးရေယာဉ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကုလားတန် ၂၊ ၃၊ ၄၊ ၅၊ ၆ ရေယာဉ်များဖြင့် ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ ပေါက်တော၊ မောင်တော၊ မြေပုံ၊ မင်းပြားမြို့နယ်များသို့ အချိန်မီ ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်ကြရသည်။ တည်ဆောက်ရေး ပစ္စည်းများအပြင် စားသောက်ကုန်များ၊ အထွေထွေ ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ထွန်စက်များလည်း ပါဝင်သည်။

**အမှတ်တရ စစ်တွေ – ရေချမ်းပြင် RBE ရထားခရီးစဉ်**

ပြန်တွေးကြည့်တော့ ကျွန်တော် ရထားမစီးဖြစ်ခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုမကပင် ရှိနေပါပကောလား။ ပြီးခဲ့သည့် ဇွန် ၂ ရက်မှာတော့ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ဒုတိယဝန်ကြီးများ၊ DG၊ MD များ လိုက်ပါ၍ RBE ရထားတွဲနှစ်တွဲဖြင့် စစ်တွေပြည်တော်သာဘူတာမှ ရေချမ်းပြင်ဘူတာအထိ စီးနင်းလိုက်ပါခဲ့ကြသည်။ စိတ်ထဲမှာ ငယ်စဉ်က စီးခဲ့ဖူးသော သာရဝေါ – ရန်ကုန်ရထားကိုပဲ လွမ်းရတော့မလိုလို၊ မိသားစုနှင့် စီးခဲ့သော ရန်ကုန် – မန္တလေး ခရီးကိုပဲ သတိရသလိုလို ဖြစ်ခဲ့မိသည်။ စစ်တွေ – ရေချမ်းပြင် ခရီးက မဝေးလှပါ၊ ၁၁ မိုင် စွန်းစွန်းမျှသာ။ ပတ်ဝန်းကျင်ကျေးရွာသူကျေးရွာသားများ၏ သွားလာရေး၊ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေစေရေးနှင့် စစ်တွေနည်းပညာတက္ကသိုလ်သို့ တက်ရောက်နေကြသော ကျောင်းသားကျောင်းသူများ သွားလာရေးအဆင်ပြေအောင် ဤရထားလမ်းကို ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်တန်ရာသည်။

ခြုံငုံသုံးသပ် တင်ပြရလျှင် မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အကြီးအကဲများနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများက မှတ်တမ်းတစ်ခုအနေဖြင့် ဂုဏ်ယူဖွယ်ရာ တင်ကျန်ရစ်နေမည်မှာ သေချာလှပေသည်။ ။

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီဒုတိယအကြိမ်စည်းဝေး





**နေပြည်တော် ဇွန် ၁၉**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။ **(ယာပုံ)**

**ပူးပေါင်းပါဝင်မှုဖြင့် ဖော်ဆောင်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံသားများ၏ မြေနှင့်စပ်ဆိုင်သော အကျိုးစီးပွားများကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခိုင်မာလုံခြုံအောင် ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာ၌ ဖော်ဆောင်နေကြသည့် မြေနှင့်ပတ်သက်သော စီမံခန့်ခွဲသည့်နည်းစနစ်များ (Land Administration System)နှင့် မှီငြမ်း အကောင်အထည်ဖော်နိုင်မည့်အချက်များကို လွှမ်းခြုံသုံးသပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန် (Legislative Drafting Guidance)တွင် ညွှန်ပြထားသောအချက်များနှင့် ညီညွတ်စွာ ရေးသားပြုစုကြရမည်ဖြစ်ကြောင်း၊ ဥပဒေမူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ဆောင်နိုင်ရန် သတ်မှတ်ချက်များအတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သက်ဆိုင်ရာဥပဒေများ၌ ထည့်သွင်းရေးဆွဲ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးဆွဲခြင်း လုပ်ငန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး ထည့်သွင်းသုံးသပ်ရန်အချက်များ၊ မြေနှင့်စပ်ဆိုင်သော တည်ဆဲဥပဒေများအားလုံးကို ခြုံငုံမိစေရန်နှင့် နိုင်ငံတစ်ဝန်းလုံးရှိ မြေအသုံးချနေမှုများကို ထိန်းကျောင်းနိုင်ရန် သက်ဆိုင်ရာဥပဒေများ၌ ထည့်သွင်းရေးဆွဲနိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက်ဆွေးနွေး**

ထို့နောက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းအကြောင်းအရာများအား တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

ယနေ့ကျင်းပသော ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမျိုးသားဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့အောက်တွင် ဥပဒေရေးဆွဲရေး အဖွဲ့ငယ်သုံးဖွဲ့ ဖွဲ့စည်းမည့် အမိန့်မူကြမ်းနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသားမြေဥပဒေမူကြမ်း၌ ပါဝင်သင့်သည့် အခန်း၊ ခေါင်းစဉ်များ(ပထမမူကြမ်း)အပေါ် အဖွဲ့ဝင်များက ပြန်လည်အကြံပြုပေးထားချက်များအပေါ် စုစည်းစိစစ်ဆွေးနွေးခြင်း၊ လုပ်ငန်းစတင်မည့်အချိန်နှင့် လုပ်ငန်းစဉ် တစ်ခုလုံး အကောင်အထည်ဖော်မည့် အချိန်ကာလတို့ကို အတည်ပြုသတ်မှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# ကုန်ဈေးနှုန်းကို ဦးစွာတည်ငြိမ်အောင်ဆောင်ရွက်ပြီး ဥပဒေနှင့်အညီဆောင်ရွက်၍ရသည့် နည်းလမ်းများဖြင့် ကုန်ဈေးနှုန်း ကျဆင်းအောင် ဆက်လက်ဆောင်ရွက်သွားမည်



**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကျဆင်းရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ်ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကျဆင်းရေးကော်မတီ ဥက္ကဋ္ဌ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကုန်ထုတ်လုပ်မှုစရိတ်များပြား၍ ထုတ်လုပ်မှုနည်းပါးပြီး ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်း၊ ထုတ်ကုန်နည်းပါးပြီး သွင်းကုန်များခြင်း၊ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ရေး ပြည်ပမှဝယ်လိုအားကို လျှော့ချ၍ ပြည်တွင်း၌သာ သွင်းအားစုများကို ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး အခြေခံစားသောက်ကုန်များကို တိုးမြှင့်ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများစွာရှိသော်လည်း သီးထပ် စိုက်စွမ်းအားနည်းသည့်အတွက် ထုတ်လုပ်မှုနည်းပြီး စားသောက်ကုန် ကုန်ဈေးနှုန်း မြင့်တက်နေခြင်းဖြစ်ရာ ပြည်နယ်၏ အဓိကသီးနှံ ၁၀မျိုးကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီသည်အထိ စိုက်ပျိုး ထုတ်လုပ်ကြစေလိုကြောင်း၊ ကုန်ဈေးနှုန်းကို ဦးစွာတည်ငြိမ်အောင် ဆောင်ရွက်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်၍ရသည့်နည်းလမ်းများဖြင့် ကုန်ဈေးနှုန်းကျဆင်းအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် အားလုံးပူးပေါင်း ကူညီဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမျိုးမင်းနောင်က သွင်းအားစုများတင်သွင်းရာတွင် သက်ဆိုင်ရာခရိုင်အလိုက် သက်သာသောဈေးနှုန်းများဖြင့် တင်သွင်းနိုင်ရေး ဆွေးနွေးတင်ပြပြီး ကော်မတီအတွင်းရေးမှူး ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကာ ကော်မတီဝင်များက အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေးနှင့် အခွန်လွတ်ဈေး (တောင်သူလယ်သမားဈေး) တစ်ပတ်လျှင် နှစ်ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး တင်ပြဆွေးနွေးကြသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်လာသော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ကျဆင်းရေးဆိုင်ရာ ဆောင်ရွက်မည့် ကိစ္စရပ်များအား အကြံပြုတင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရသေ့တောင်မြို့နယ်၌ သောက်သုံးရေ ဖြန့်ဝေမှုနှင့် အဝီစိတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေး

**ရသေ့တောင် ဇွန် ၁၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်းရှိ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပြည်သူများအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက်ပိုင်းက ရသေ့တောင်မြို့ တောင်ရင်းတန်းရပ်ကွက် ဂူဝကန်မှ ရေကို ရေသန့်စင်ကားဖြင့် သန့်ရှင်းသော သောက်သုံးရေများအား ဖြန့်ဝေပေးမှုအခြေအနေနှင့် တောင်ရင်းတန်းရပ်ကွက် မြတ်သာကန်အနီး အဝီစိတွင်းတူးဖော်ဆောင်ရွက်မှု အခြေအနေများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(အောက်ပုံ)**

ရသေ့တောင်မြို့နယ်အတွင်း နွေရာသီ ရေရှားပါးမှုကြုံနေရပြီး မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကန်အများစုမှာ ဆားငန်ရေဝင်သွားခြင်းကြောင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိခဲ့ရာ ယခုအခါ ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးပြီး ရေသန့်စင်ကား နှစ်စီးဖြင့် မြို့ပေါ်ရပ်ကွက် လေးကွက်ရှိ ပြည်သူများ၊ ကျေးရွာများနှင့် လေဘေးဒဏ်သင့်ပြည်သူများထံသို့ မေ ၂၂ ရက်မှ သောက်ရေများ စတင်ဖြန့်ဝေခဲ့ရာ ယနေ့အထိ ဖြန့်ဝေလျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ရသေ့တောင်(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ ရုံးလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၉

**အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၏ ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**





အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အရာထမ်း၊ အမှုထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဗဟုသုတနှင့် ကျွမ်းကျင်မှု အရည်အသွေးများ ပြည့်ဝစေရန် လေ့လာသင်ယူမှုသည် အရေးကြီးကြောင်း၊ ပြည်သူ့အကျိုးစီးပွား ဆောင်ရွက်ရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို သိရှိပြီး ဌာန၊ အဖွဲ့အစည်းအတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်သူများဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ၍ ဌာန၊ အဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်အားထားမှု ပိုမိုရရှိလာအောင် ဝန်ထမ်းအားလုံးက ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ တာဝန်ကျေပွန်စွာ ထမ်းဆောင်မှု၊ ရိုးဖြောင့်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် ဆောင်ရွက်ကြရန်၊ တစ်ဦးတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရသောကြောင့် ရုံးဌာနများအလိုက်၊ အဖွဲ့အစည်းများအလိုက် ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ ရာထူးအဆင့်နှင့်အညီ အထက်အကြီးအကဲ ကွပ်ကဲမှုအနည်းဆုံးဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းကို In House Training System ဖြင့် ဖွင့်လှစ်ကာ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား အရာထမ်း၊ အမှုထမ်း ၃၂ ဦး တက်ရောက်ကြပြီး ဇွန် ၁၉ ရက်မှ ၂၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် သွင်းအားစုထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံ့စီးပွားတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြုပြီး အမှန်တကယ်တိုးတက်မွေးမြူသွားရန် လိုအပ်ကြောင်း၊ သွင်းအားစုထောက်ပံ့သူများအနေဖြင့်လည်း မှန်ကန်သည့် တိရစ္ဆာန်မျိုးနှင့် တိရစ္ဆာန်အစာများကို မွေးမြူသူများလက်ဝယ်ကို ပေးအပ်နိုင်ရန် အလွန်အရေးကြီးပါကြောင်း၊ ယနေ့တွင် နေပြည်တော်အတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ငွေကျပ်သန်း ၂၅၈၀ တန်ဖိုးရှိ တိရစ္ဆာန်မျိုး၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ဆေးဝါးများ စသည့်သွင်းအားစုများကို ပေးအပ်ခဲ့ပါကြောင်း၊ မွေးမြူရေးဆိုင်ရာမျိုးနှင့် တိရစ္ဆာန်အစာများကို အကျိုးရှိရှိ ဆောင်ရွက်၍ နိုင်ငံ့စီးပွားကို မြှင့်တင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းရှင်များထံ သွင်းအားစုမျိုးနှင့် တိရစ္ဆာန်အစာများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး (ဝဲပုံ) မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ မွေးမြူရေးလုပ်ငန်းရှင် ဦးလွင်နိုင်ဦးက အစာစက်ရုံတည်ဆောက်ရေးလုပ်ငန်းနှင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ကျီးအင်းအုပ်စု ကျီးဖြူရိုးကျေးရွာ ရွှေကံကောင်းမွေးမြူရေးလုပ်ငန်းစုရှိ အသားတိုးဝက်မွေးမြူရေးခြံနှင့် အသားစားကြက်မွေးမြူရေးခြံများသို့သွားရောက်၍ အသားတိုးဝက်များနှင့် အသားစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမရပူရမြို့နယ်၌ နှမ်းစပါးစံကွက်ရိတ်သိမ်း တစ်ဧက (အစို) တင်း ၁၂၀ ထွက်ရှိ

**အမရပူရ ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မြို့နယ်အတွင်း စိုက်ပျိုးထားသော နွေစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းသိရှိနိုင်ရန် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၈နာရီခွဲက ပြည်လုံးကျော်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၇၈-က) ကွင်း၊ မင်းစုကွင်း၊ ဦးပိုင် အမှတ် (၅၀/၁)၊ ဧရိယာ ၃ ဒသမ ၃၆ ဧကရှိ စံကွက်ကောင်း ကိုယ်စားပြုတောင်သူ ဦးအောင်မင်း၏ လယ်မြေပေါ်တွင် စိုက်ပျိုးထားသော နွေစပါး(ရွှေသွယ်ရင်) စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။ **(အောက်ဝဲပုံ)**



အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးမျိုးသန့်တင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးမျိုးမော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဒေါ်မိုးဆွေရည်နှင့် ဝန်ထမ်းများက စံကွက်ကို ရိတ်သိမ်းခဲ့ကြသည်။

အဆိုပါ စံကွက်မှ တစ်ဧကလျှင်အစိုထွက်တင်း ၁၂၀ထွက်ရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနရုံးမှ သိရသည်။

**စိုးသီဟ(အမရ)**

❖ *ကျောဖုံးမှ*

ပထမဆုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဖိုက်အွန်ဘိုင်နာ ကိုင်တွယ်သည့် မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲ နှစ်ပွဲ၊ ဇွန်လ နိုင်ငံတကာ ရက်သတ္တပတ်တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲ ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် အိန္ဒိယအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ကာဂျစ္စတန်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဇွန်လ နိုင်ငံတကာရက်သတ္တပတ်တွင်မူ တရုတ်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ပြီး မကာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နည်းပြ ဖိုက်အွန်ဘိုင်နာအနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းကို နိုင်ပွဲပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများနှင့် နိုင်ငံတကာခြေစမ်းပွဲများတွင် ၁၆ ပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးနေမှုကို ၁၇ ပွဲမြောက်တွင် အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် တရုတ်အသင်းနှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဆန်းဆက်နိုင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ဟိန်းဇေယျာလင်း၊ သီဟထက်အောင်၊ နန္ဒကျော်၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ငြိမ်းချမ်းအောင်၊ မောင်မောင်လွင်၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့သလို မကာအိုအသင်းကလည်း ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ မြန်မာအသင်းသည် ၂၃ မိနစ်တွင် အဖွင့်ဂိုးရရှိခဲ့ပြီး ကွင်းလယ်ကစားသမား လွင်မိုးအောင်က ပယ်နယ်တီဧရိယာထိပ်မှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်လာသလို မကာအိုအသင်းကလည်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ဂိုးသွင်းခွင့်များ ဖန်တီးနိုင်သော်လည်း ပွဲပြီးခါနီးမှ ဒုတိယဂိုးထပ်မံရရှိပြီး ပယ်နယ်တီမှတစ်ဆင့် အသင်းခေါင်းဆောင် မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဟိန်းထက်အောင်၏ ဖြတ်တင်ဘောကို မကာအိုနောက်ခံလူ ဖျက်ထုတ်ရာမှ လက်နှင့်ထိသွားသဖြင့် ပယ်နယ်တီကန်ခွင့်ရခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# နိုင်ငံ့ဂုဏ် ဆက်လက်မြှင့်တင်ကြစို့ ...

ဇင်ငြိမ်း

**(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ဆုတံဆိပ်တွေရရှိခဲ့တဲ့ မြန်မာ့အားကစားသမားတွေ၊ နည်းပြတွေနဲ့ အုပ်ချုပ်သူတွေကို ဇွန် ၁ ရက်မှာ နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့တာကို တွေ့ရတယ်။ ဝမ်းသာလို့မဆုံးဘူး။ အားကစားသမားတွေ၊ ပြည်သူတွေနဲ့ နိုင်ငံအတွက် ဂုဏ်ယူစရာပဲပေါ့။ ကာယကံရှင်တွေဖြစ်တဲ့ အားကစားသမားတွေဆို ဘယ်လောက်ဝမ်းသာနေလိုက်ကြမလဲ တွေးမိတယ်။ အားလုံးအတွက် ဂုဏ်ယူစရာဆိုတာထက် ပိုပါလိမ့်မယ်။ အခုလို ဆုတွေရရှိတာက အောင်မြင်မှုတွေနဲ့ ဝေးနေတာကြာပြီဖြစ်တဲ့ မြန်မာ့အားကစားအတွက် မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်လာခဲ့ပါတယ်။**

အားကစားလို့ဆိုလိုက်ရင် ဘယ်သူမဆို အနည်းနဲ့အများ စိတ်ဝင်စားကြတယ်။ အထူးသဖြင့် နိုင်ငံအလိုက် ယှဉ်ပြိုင်ကြတဲ့ပွဲတွေဆို သည်းသည်းလှုပ်ပဲ။ သာမန်ပြည်သူတွေမပြောနဲ့၊ နိုင်ငံ့ခေါင်းဆောင်တွေတောင် မနေနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အားကစားပြိုင်ပွဲဆိုတာက နိုင်ငံအတွက် ပုံရိပ်တစ်ခုလိုဖြစ်နေတာကြောင့်ပါ။ ကမ္ဘာ့အင်အားကြီး နိုင်ငံတွေတောင်မှ အားကစားပြိုင်ပွဲတွေမှာဆို နိုင်ချင်ကြတာချည်းပဲ။ အောင်ပွဲတွေရရင် ကမ္ဘာမှာ မျက်နှာပန်းလှတယ်၊ ဂုဏ်ဆောင်တယ်။ အားကစားပြိုင်ပွဲတွေဆိုတာ ပြိုင်ပွဲတစ်ရပ်ဆိုတာထက် မကဘူး။ ဒါကြောင့် နိုင်ငံတိုင်းက အားကစားကဏ္ဍအတွက် ရေရှည်ရင်းနှီးမြှုပ်နှံကြတယ်၊ အားကစားသမားတွေကို ပြုစုပျိုးထောင်ကြတယ်၊ ချီးမြှောက်တာတွေ လုပ်ကြတယ်။ အခုဆိုရင် ဆီးဂိမ်းမှာ မြန်မာနိုင်ငံအတွက် အောင်မြင်မှုတွေ တွေ့ခဲ့ရပြီ။ ကြိုးစားမှုတွေရဲ့ အသီးအပွင့်တွေဖြစ်တယ်။ ဒီအတွက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေရဲ့ အောင်မြင်မှုကို နိုင်ငံတော်က ချီးမြှောက်နေခြင်း ဖြစ်တယ်။

### ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲတစ်ခု

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၂၃ ခုနှစ် မေ ၅ ရက်ကနေ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး အားကစားနည်းပေါင်း ၃၆ နည်း ပါဝင်ခဲ့တယ်။ နိုင်ငံပေါင်း ၁၁ နိုင်ငံက အားကစားသမားပေါင်း ၆၂၁၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတယ်။ ဆီးဂိမ်းပြိုင်ပွဲဟာ အရှေ့တောင်အာရှဒေသတွင်းမှာ ဂုဏ်သိက္ခာ အမြင့်ဆုံး အားကစားပြိုင်ပွဲတစ်ခုဆိုရင်လည်း မမှားဘူး။နိုင်ငံတိုင်းဟာအားကစားနည်းအားလုံးမှာ ပါဝင်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြပါတယ်။ အားကစားသမားအရေအတွက်ကို တတ်နိုင်သလောက် စေလွှတ်ကြပါတယ်။ ပြိုင်ပွဲအတွက် ကိုယ့်အတိုင်းအတာနဲ့ကိုယ် ကြိုတင်ပြင်ဆင် ပြိုင်ပွဲဝင်ကြလို့ ပြိုင်ဆိုင်မှု ပြင်းထန်တယ်လို့လည်း ပြောနိုင်ပါတယ်။ နိုင်ငံတိုင်းကတော့ ကိုယ့်နိုင်ငံရဲ့ ဂုဏ်ကို မြှင့်တင်ဖို့ကြိုးစားကြတာပါပဲ။

မြန်မာနိုင်ငံအနေနဲ့ အားကစားကဏ္ဍကို မြှင့်တင်ဖို့အတွက် (၂၇) ကြိမ်မြောက် ဆီးဂိမ်းကို အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၃ ခုနှစ်က လက်ခံကျင်းပခဲ့ပါတယ်။ ယခင်က မြန်မာနိုင်ငံအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲ အိမ်ရှင်အဖြစ် ၁၉၆၁ ခုနှစ်နဲ့ ၁၉၆၉ ခုနှစ်တွေမှာ လက်ခံကျင်းပခဲ့ဖူးပါတယ်။ နှစ်ပေါင်း ၄၄ နှစ်ကြာမှ မြန်မာနိုင်ငံမှာ ပြန်လည်ကျင်းပနိုင်ခဲ့တာပါ။ အဲဒီပြိုင်ပွဲကို နိုင်ငံပေါင်း ၁၁ နိုင်ငံက အားကစားသမားပေါင်း ၄၇၃၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပြိုင်ပွဲအားကစားနည်း ၃၃ မျိုး ပါဝင်ခဲ့တယ်။ အဲဒီပြိုင်ပွဲမှာ အိမ်ရှင်မြန်မာနိုင်ငံအနေနဲ့ ရွှေ ၈၄ ခု၊ ငွေ ၆၃ ခု၊ ကြေး ၈၄ ခု၊ စုစုပေါင်း ဆုတံဆိပ် ၂၃၁ ခုနဲ့ နိုင်ငံအလိုက် ဒုတိယအဆင့် ရရှိခဲ့ပါတယ်။

### ဆုရရှိမှု ပြန်လည်မြင့်တက်လာ

အဲဒီပြိုင်ပွဲနောက်ပိုင်း ကျင်းပတဲ့ (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာနိုင်ငံအနေနဲ့ ရွှေတံဆိပ် ၁၂ ခု၊ ငွေ ၂၆၊ ကြေး ၃၁ ခု ရရှိခဲ့ပါတယ်။ (၂၉) ကြိမ်မြောက် ဆီးဂိမ်းမှာ မြန်မာနိုင်ငံအနေနဲ့ ရွှေတံဆိပ်ခုနစ်ခု၊ ငွေ ၁၀၊ ကြေး ၂၀ ရရှိခဲ့ပါတယ်။ အကြိမ် (၃၀) မြောက် ဆီးဂိမ်းမှာတော့ ရွှေတံဆိပ်လေးခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခုပဲ ရရှိခဲ့တယ်။ (၃၁) ကြိမ်မြောက် ဆီးဂိမ်းမှာ မြန်မာနိုင်ငံက ရွှေတံဆိပ်ကိုးခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု ရရှိခဲ့ပါတယ်။ အဲဒီဆုရရှိတာကို ကြည့်ရင် (၂၇) ကြိမ်မြောက် ဆီးဂိမ်းနောက်ပိုင်း မြန်မာနိုင်ငံဟာ ဆုရရှိမှု တဖြည်းဖြည်း လျော့ကျလာခဲ့ပြီး (၃၁) ကြိမ်မြောက်မှာ ပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။



(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို အမျိုးသမီးနှစ်ယောက်တွဲ ဗိုဗီနမ်သရုပ်ပြပြိုင်ပွဲမှ ဆွတ်ခူးပေးသည့် ခိုင်ဝါဖူးနှင့် မေဟန်နီအောင်လွင် အတွဲ။ (၆-၅-၂၀၂၃ ရက်)

ဒီနှစ် ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာတော့ မြန်မာနိုင်ငံက အားကစားနည်း ၁၉ ခုမှာ အားကစားသမား ၃၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ အဲဒီပြိုင်ပွဲကနေ ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု၊ စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးခဲ့ကြတယ်။ နိုင်ငံအလိုက် အဆင့်ကြည့်ရင်တော့ အဆင့် (၈) ရရှိခဲ့တယ်။ ဒီရလဒ်တွေအရ (၃၂) ကြိမ်မြောက် ဆီးဂိမ်းမှာ မြန်မာနိုင်ငံရဲ့ တိုးတက်မှုကို ပြန်ပြီးတွေ့ရပါတယ်။ နောက်ပြီး ဒီနှစ် ဆီးဂိမ်းဘောလုံးပြိုင်ပွဲရလဒ်ဟာ မြန်မာပြည်သူအားလုံးကို ကျေနပ်မှုအများကြီး ရရှိစေခဲ့တာ တွေ့ရပါတယ်။ ပြည်သူအားလုံးကလည်း တစ်ခဲနက်အားပေးခဲ့ကြတယ်။ မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေနဲ့ ဒေသတွင်းက အစဉ်အလာပြိုင်ဘက်အသင်းကို ကျော်ဖြတ်ပြီး အကြိုဗိုလ်လုပွဲတက်နိုင်ခဲ့တာက မှတ်တမ်းဝင်တစ်ခုဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာအမျိုးသမီးဘောလုံးအသင်းဟာ ဗိုလ်လုပွဲနဲ့ဝေးကွာခဲ့တာ ၂၀၀၅ ခုနှစ်ကတည်းက ဖြစ်လို့ နှစ်ပေါင်း ၁၈ နှစ်ကြာမှ ဗိုလ်လုပွဲဆီ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ အမျိုးသားအသင်းဟာလည်း အကြိုဗိုလ်လုပွဲအထိရောက်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားတွေအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ အားကစားနည်း ၁၉ နည်းထဲက ဗိုဗီနမ်၊ ဗိုဗီနမ် (ခွန်ဘိုကာတာ)၊ ဗိုဗီနမ်(အားနစ်)၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့်စနူကာ၊ ပီတန်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ရိုးရာလှေ၊ အလေးမ အားကစားနည်းရှစ်နည်းမှာ ရွှေတံဆိပ် ၂၁ ခု ရရှိခဲ့တယ်။ ကျန်အားကစား ၁၁ နည်းအနက် ဘော်လီဘောနှင့် တင်းနစ်အားကစားနည်းတွေက လွဲပြီး ကျန်တဲ့အားကစားနည်း ကိုးနည်းမှာ ငွေတံဆိပ် ၂၅ ခု နဲ့ ကြေးတံဆိပ် ၆၈ ခုရရှိခဲ့တယ်။ ဒီလိုဆုတံဆိပ်တွေရရှိခဲ့တာဟာ မြန်မာ့အားကစားလောကနဲ့ အားကစားသမားတွေအတွက် ကြီးမားတဲ့ ခွန်အားတွေဖြစ်စေမှာ အမှန်ပါပဲ။

### နိုင်ငံတော်မှ ဆုငွေချီးမြှင့်

အခုဆိုရင် အောင်ပွဲရအားကစားသမားတစ်ဦးချင်းစီ၊ အသင်းလိုက်နဲ့ နည်းပြတွေ၊ အုပ်ချုပ်သူတွေကို ဇွန် ၁ ရက်က နိုင်ငံတော်ကနေ ဆုငွေတွေ ချီးမြှင့်ခဲ့ပါတယ်။ အထူးဆုအနေနဲ့ ဆီးဂိမ်းဗိုလ်လုပွဲ တက်ရောက်ခဲ့တဲ့ အမျိုးသမီးဘောလုံးအသင်းကို အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ အကြိုဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့တဲ့ အမျိုးသားဘောလုံးအသင်းကို အမေရိကန် ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်ခဲ့ပါတယ်။ ဒါ့အပြင် တစ်ဦးချင်းပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရရှိခဲ့သူတွေကို ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူတွေကို ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူတွေကို ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရရှိခဲ့ကြတဲ့ အသင်းသားတစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြတဲ့ အသင်းသားတစ်ဦးလျှင် ကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့ကြတဲ့ အသင်းသားတစ်ဦးလျှင် ကျပ် ၃၅ သိန်းနဲ့ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ နည်းပြတွေနဲ့အုပ်ချုပ်သူတွေကို သူတို့ရဲ့ အားကစားနည်းကနေ ရွှေတံဆိပ်ရရှိခဲ့ရင် တစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ရင် ကျပ် သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ရင် ကျပ်သိန်း ၃၀ စီ ချီးမြှင့်ပေးခဲ့တာတွေ့ရပါတယ်။ ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်း အနေနဲ့ ငွေကျပ် ၃၃၃၃ သန်းနဲ့ အမေရိကန်ဒေါ်လာ ခုနစ်သောင်းဖြစ်တယ်လို့ သိရပါတယ်။

### ထိုက်တန်တဲ့ ချီးမြှင့်ဂုဏ်ပြုခံရခြင်း

ဒါကတော့ အားကစားသမားတွေအတွက် ကိုယ်စီကိုယ်စီ ကြိုးစားမှုရလဒ်အဖြစ် ထိုက်တန်တဲ့ ချီးမြှင့်ဂုဏ်ပြုခံရခြင်းပါပဲ။ ဆီးဂိမ်းလို နိုင်ငံအလိုက် အားကစားပြိုင်ပွဲကြီးတစ်ခုမှာ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ရဖို့ဆိုတာ လွယ်ကူတဲ့ ကိစ္စမဟုတ်ပါဘူး။ ကြီးမားတဲ့ ကြိုးစားမှုတွေ၊ ပေးဆပ်မှုတွေ၊ ထောက်ပံ့မှုတွေနဲ့ အချိန်တွေ အများကြီးပေးပြီးမှ ရလာခဲ့တာဖြစ်ပါတယ်။ နောက်ပြီးအားကစားပွဲတွေမှာ တစ်ဦးချင်းပြိုင်ပွဲ၊ အုပ်စုလိုက်ပွဲတွေရှိကြတယ်ဆိုပေမယ့် တစ်ဦးချင်းလည်း တစ်ဦးချင်းအလိုက် စိတ်ဓာတ်နဲ့ခွန်အားတွေ များးစွာလိုအပ်ပါတယ်။ အသင်းလိုက်ပြိုင်ပွဲမှာဆိုရင် စိတ်ဓာတ်၊ ခွန်အားတွေအပြင် အသင်းလိုက်စုစည်းမှု၊ အသင်းစိတ်ဓာတ်တွေ လိုအပ်ကြပါတယ်။ ထူးချွန်တဲ့ အားကစားကောင်းတစ်ယောက်ဖြစ်ဖို့၊ အသင်းတစ်သင်းဖြစ်ဖို့ ကြိုးစားရာမှာ အဘက်ဘက်က ပြည့်စုံတဲ့ကျွမ်းကျင်မှုတွေနဲ့ စိတ်ဓာတ်တွေရဖို့အတွက် နည်းစနစ်တွေနဲ့ စဉ်ဆက်မပြတ်လေ့ကျင့်မှုတွေ လုပ်ရပါတယ်။ ဒီအတွက် အားကစားသမားတွေဟာ သူတို့ရဲ့ကိုယ်ပိုင်ဘဝနဲ့ မိသားစုဘဝတွေကို အားကစားလေ့ကျင့်မှုတွေအတွက် မြှုပ်နှံထားကြရပါတယ်။ လွယ်လွယ်ကူကူ အောင်မြင်ခဲ့ကြတာ မဟုတ်ပါဘူး။

နောက်တစ်ခုက အားကစားသမားကောင်းတွေ မွေးထုတ်ဖို့အတွက် အားကစားသမားတွေရဲ့ အရည်အချင်း၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံနဲ့ ရည်မှန်းချက်တွေသာ လိုအပ်တာမဟုတ်ပါဘူး။ သက်ဆိုင်ရာ အားကစားအလိုက် လိုအပ်တဲ့အထောက်အကူ ပစ္စည်း၊ နေထိုင်စားသောက်မှု၊ နည်းပြ၊ နည်းစနစ်၊ လေ့ကျင့်မှုစတဲ့ နောက်ကွယ်က ပံ့ပိုးပေးရမယ့် ကိစ္စတွေလည်း များးစွာရှိနေပါတယ်။ ငွေကြေးကြွယ်ဝချမ်းသာတဲ့ နိုင်ငံတွေအတွက် မထောင်းသာပေမယ့် ငွေအင်အားချို့တဲ့ နိုင်ငံတွေမှာတော့ ရုန်းကန်ကြိုးစားကြရပါတယ်။

အခုဆိုရင် အားကစားကဏ္ဍမြှင့်တင်ဖို့နဲ့ အားကစားသမားတွေရဲ့ဘဝ ရေရှည်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတော်က ပံ့ပိုးပေးနေတာတွေ ရှိပါတယ်။ မြန်မာ့အားကစား ခေတ်အဆက်ဆက်က ဆုတံဆိပ်တွေရယူပြီး အောင်မြင်ခဲ့တဲ့သူတွေကို အသက် ၆၀ ပြည့်တဲ့အချိန်ကစလို့ သက်ရှိထင်ရှားရှိနေသမျှကာလပတ်လုံး လစဉ်ထောက်ပံ့ကြေးတွေ ချီးမြှင့်ပေးနေတာ တွေ့ရပါတယ်။ ဒီကနေ့အထိ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီး ၂၃၀ အတွက် လစဉ်ကျပ် ၁၅၅၁၀၀၀၀ ပုံမှန်ထောက်ပံ့ပေးနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေကို ဝဏ္ဏကျော်ထင် ဘွဲ့၊ လူမှုထူးချွန် ပထမအဆင့်၊ ဒုတိယအဆင့်နဲ့ တတိယအဆင့်တွေကို ပေးအပ်ခဲ့ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေကို နိုင်ငံတော်က ပံ့ပိုးချီးမြှင့်ခြင်းအားဖြင့် အားကစားသမားဟောင်းကြီးတွေရဲ့ ဘဝနေထိုင်ရေးကို တစ်ဖက်တစ်လမ်းက ပံ့ပိုးတာဖြစ်သလို မျိုးဆက်သစ် အားကစားသမားတွေရဲ့ မျှော်လင့်ချက်၊ စိတ်ဓာတ်နဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရာလည်း ရောက်ပါတယ်။

စာမျက်နှာ ၁၁ သို့

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်း မုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူ မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ပိတ်ဆို့နေသော ရေနုတ်မြောင်း ပြန်လည်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် တာဝန်ရှိသူများသည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသော နဂါးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒာ ဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့မရပ်ကွက်ရှိ အခြေခံပညာ ကျောင်းများ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု



အားပေးပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နယ်မြေအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြား၍ Cyclone Shelter များ ဆောက်လုပ်ထားရှိမှုနှင့် ဘူးသီးတောင်–ရသေ့တောင် ရေလမ်းကြောင်းနှင့် ကုန်းတွင်း လမ်းမကြီးဘေးရှိ ကျေးရွာများ၌ Cyclone Shelter များ ထပ်မံဆောက်လုပ်ရန် အတွက် လိုအပ်သည်များမှာကြားသည်။ ထို့ပြင် မြို့သစ်ရပ်ကွက်ရှိ ဦးဥတ္တမခန်းမ၌ ကျေးရွာအုပ်စု ခုနစ်စုမှ ဒေသခံပြည်သူများနှင့် ကျေးရွာ ကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေး ပြန်လည်ထူထောင်ရေး ကော်မတီနှင့် အလှူရှင်များက ထောက်ပံ့သော ပြည်တွင်း ရေကြောင်းပိုင် ကုလားတန်(၆) သင်္ဘောဖြင့် ထပ်မံရောက်ရှိလာသည့် ပစ္စည်းများအား ယနေ့နံနက်ပိုင်းတွင် ငပင်လယ်ဆိပ်ခံတံတားပေါ်သို့ တင်ယူပြီး ဖွင့်ဖောက်စစ်ဆေးအတည်ပြု လက်ခံကာ လေဘေးသင့် ပြည်သူများသို့ ချက်ချင်းဖြန့်ဝေပေးခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ အဆိုပါမြို့အတွင်း မုန်တိုင်း ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီး ကျောင်းများ အတွက် ထောက်ပံ့ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ကျောက်တော်တပ်နယ်ရှိ နယ်မြေခံတပ် ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ/ စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/စစ်သမီးများအား တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့မှ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာပေးအပ်ပွဲကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး သာသနာရေးမှူး ဦးရှိန်းစိုး၊ ဗဟိုအတွင်းရေးမှူး ဦးအောင်မျိုးသန့်၊ တိုင်းဒေသကြီးဒုတိယဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး အထွေထွေအတွင်းရေးမှူး ဦးသန်းဦးနှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ပြီး ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးထွန်းကြည်ထံ ခန့်အပ်လွှာပေးအပ်စဉ်။ ကိုကြီးတင်

*စာမျက်နှာ ၁၀ မှ*

မြန်မာ့အားကစားဟာ တစ်ချိန်က ရွှေခေတ်တစ်ခေတ်ကို ဖြတ်သန်းခဲ့ဖူးပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ အားကစားသမားကြီးတွေလည်း ထွက်ပေါ်ခဲ့ဖူးပါတယ်။ ဒီလိုရွှေခေတ်ကို ပြန်လည်ရောက်ရှိဖို့ဆိုရင် ရေရှည်စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ရွက်ပုန်းသီးဖြစ်နေတဲ့ ထူးချွန်လူငယ်တွေ များစွာရှိကြပါတယ်။ စိတ်ဝင်စားပြီး ထူးချွန်တဲ့ လူငယ်တွေကို ရွေးထုတ်ရှာဖွေပြီး လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် အားကစားမျိုးဆက်သစ်တွေ မွေးထုတ်နိုင်ပါတယ်။ ဒါမှသာ စဉ်ဆက်မပြတ်မျိုးဆက်သစ်တွေ ထွက်ပေါ်လာနိုင်မှာပါ။ ပါရမီရှိပြီး ထူးချွန်တဲ့အားကစားသမားတွေ စဉ်ဆက်မပြတ် မွေးထုတ်ခြင်းဖြင့် နောင်လာမယ့် အားကစားပြိုင်ပွဲတွေမှာ အားကစား မျိုးဆက်မပြတ်မှာ ဖြစ်ပါတယ်။

အရှေ့တောင်အာရှရဲ့ (၃၂) ကြိမ်မြောက် ဆီးဂိမ်းကတော့ ပြီးသွားပါပြီ။ မြန်မာ့ဂုဏ်ဆောင် အားကစားသမားတွေကတော့ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်စွာ ကြိုးစားခဲ့ပြီးပါပြီ။ ရလဒ်ကတော့ အများသိတဲ့အတိုင်း ယခင်ဆီးဂိမ်းများထက် အောင်မြင်မှုနဲ့ ဆုတံဆိပ်တွေ တိုးတက်ရရှိခဲ့ကြပါတယ်။ သို့သော် အားကစားခရီးရှည်ကြီးကတော့ ဆက်လျှောက်ဖို့ ကျန်နေပါသေးတယ်။ လာမယ့် ဆီးဂိမ်းကို ထိုင်းနိုင်ငံမှာ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီဆီးဂိမ်းမှာ ဘယ်အားကစားတွေမှာ ရွှေတံဆိပ်တွေ ဘယ်လောက်မျှော်မှန်းသလဲ၊ အဆင့် ဘယ်လောက်မျှော်မှန်းသလဲဆိုတဲ့ စိန်ခေါ်မှုတွေက အသင့်စောင့်လို့နေပါတယ်။ အခုကတည်းက အဆပေါင်းများစွာသာတဲ့ ကြိုးစားအားထုတ်မှု၊ ပူးပေါင်းလုပ်ဆောင်မှု၊ ထောက်ပံ့မှုတွေနဲ့ ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ဆီးဂိမ်းမှာ မြန်မာအားကစားသမားတွေ ယခုထက်ပိုမိုပြီး နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်မယ်လို့ မျှော်လင့်လျက်ရှိပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအလိုက် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ မိမိတို့ရည်မှန်းချက်ကို အောင်မြင်အောင် ဖြည့်ဆည်းပေးမည်မှာ ပညာသာဖြစ်၍ ပညာတတ်လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ပညာတတ်လူတော် လူကောင်းဖြစ်အောင် ကြိုးစားခြင်းသည် မိမိဘဝ၊ မိမိဒေသ၊ မိမိပြည်နယ်နှင့် မိမိနိုင်ငံကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို စာတတ်အောင်သင်ကြားပေးရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်၍ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသူများဖြစ်အောင် ပြုစုပျိုးထောင် သင်ကြားပေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ရှုပမြောက် အခြေခံပညာမူလတန်းကျောင်း၊ ရခိုင်ပြည်နယ်ပညာရေးမှူးရုံး၊ ဥယျာဉ်သာ အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း၊ အမြင့်ကျွန်း အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈၂) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၊ အောင်မင်္ဂလာမြောက် အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းနှင့် စက်ရုံစုအခြေခံပညာအထက်တန်းကျောင်းခွဲများသို့ သွားရောက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ စာသင်ဆောင်များ၊ ယာယီစာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေတက္ကသိုလ်သို့သွားရောက်၍ စာသင်ဆောင်၊ ဆရာဆောင်၊ ကျောင်းသားဆောင်များ ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ရေးလုပ်ငန်းများ ဦးစားပေးအလိုက် အမြန်ဆုံးပြီးမြောက်ရေး မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၁၉**

တပ်မတော်(လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။



ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ပဲ၊ ကြာဆံ၊ ကြက်သွန်၊ ခေါက်ဆွဲ၊ ငါးသေတ္တာ စသည့်အခြေခံစားသောက်ကုန်ပစ္စည်း ၂ ဒသမ ၁ တန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှစစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၄ ဒသမ ၅ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၃၈၀ တို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက်ကမီမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄ ဒသမ ၃၃ လက်မစီ၊ သံတွဲမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မိုးကောင်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၇၉ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မြေပုံမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ညောင်လေးပင်မြို့နှင့် ရေးမြို့တို့တွင် ၂ ဒသမ ၂၀လက်မစီနှင့် မချမ်းဘောမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၂ ဒသမ ၀၉ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် ဇွန် ၁၉**


ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား လိုအပ်သော ပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ် (ပြည်တော်အေး-၂)သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကီလို ၄၀ ပါ ဆန်အိတ် ၁၃၈၅၀၊ ၆ ပြည်ပါ ဆန်အိတ် ၅၆၈ အိတ်၊ အသင့်စားဆန်ဖာ ၄၀၀၊ Minitractor ၁၀ စီး၊ လက်တွန်း ထွန်စက် ၁၄ စီး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက စောင်၊ ခြင်ထောင် အဖာ ၆၅၀၊ ကျောင်းဝတ်စုံ အထည် ၁၈၉၃၀နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ အိမ်ရိုက်သံ ၂၃၃၃ ဖာ စုစုပေါင်း ကုန်တန်ချိန် ၆၆၅ တန်ကို တင်ဆောင်၍ ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းမှ စစ်တွေမြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် ထွက်ခွာသွားသည်။

အလားတူ ၂၉ မီတာကမ်းထိုးရေယာဉ် တစ်စင်းသည် ရခိုင်ပြည်နယ်အစိုးရမှ သွပ်အချပ် ၄၀၀၀၊ သစ် ၄၀၃ ချောင်း၊ ရေသန့် ၁၆၉ ကတ်၊ စားသုံးဆီ ဘူး ၁၀၀၊ ဟင်းသီးဟင်းရွက်ဆီ ဘူး ၁၂၀၊ မြေပဲဆီ ၁၀ ဘူး၊ မုန့်တီခြောက်ထုပ်များပါဝင်သည့် ဆာလာအိတ် ခြောက်အိတ်၊ ငံပြာရည်ပုလင်းများ ပါဝင်သည့် ဆာလာအိတ်တစ်အိတ်၊ ငါးပိကြော် အထုပ် ၁၀၀၊ ခေါက်ဆွဲခြောက် ဖာ ၉၀၊ မုန့်မျိုးစုံ နှစ်ဖာ၊ ဘီစကွတ် ၃၂ ဖာနှင့် ဆေးပစ္စည်း ၃၈ ဖာ စုစုပေါင်း ၂၈ တန်ကို စစ်တွေမြို့၌ တင်ဆောင်၍ မင်းပြားမြို့ ဆိပ်ခံတံတားသို့ ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ပေးသည်။

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တရုတ်သမ္မတနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

**ပေကျင်း ဇွန် ၁၉**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်အရ သိရသည်။

၎င်းတို့နှစ်ဦးသည် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက ပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုတွေ့ဆုံမှုက အစောပိုင်းတွင် ဘလင်ကန်နှင့် တရုတ်ထိပ်တန်းသံတမန် ဝမ်ယိတို့ တွေ့ဆုံပြီးနောက်ဖြစ်ကြောင်း သိရသည်။ တွေ့ဆုံဆွေးနွေးမှုအစပိုင်း၌ တရုတ်သမ္မတ ရှီကျင့်ဖျင်က တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားမှုနှင့် ရိုးသားမှုပေါ်တွင် အမြဲတမ်းအခြေခံသင့်ကြောင်း ပြောသည်။

ထို့ပြင် ဘလင်ကန်၏ တရုတ်ခရီးစဉ်က နှစ်နိုင်ငံဆက်ဆံရေး၏ အပြုသဘောဆောင်သော တည်ငြိမ်ရေးကို ပိုမိုအထောက်အကူပြုစေမည်ဟု မျှော်လင့်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ရှီကျင့်ဖျင်နှင့် ဘလင်ကန်တို့ တွေ့ဆုံမှုအတွင်း တရုတ်နိုင်ငံအနေဖြင့် ခိုင်မာပြီး တည်တံ့သော တရုတ်-အမေရိကန်ဆက်ဆံရေးကို မြင်တွေ့လိုကြောင်း၊ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအနေဖြင့် အခက်အခဲမျိုးစုံကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်းနှင့် လိုက်လျောညီထွေဖြစ်စေမည့်နည်းလမ်းကို ရှာဖွေနိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြပါရှိသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ ရာဇထန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုကြောင့် ငါးဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်ဖြစ်သည့် ရာဇထန်တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်မတော်တဆမှုများကြောင့် ငါးဦးထက်မနည်း သေဆုံးကြောင်း ဒေသတွင်းမီဒီယာများက ဇွန် ၁၉ ရက်တွင် ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်သီတင်းပတ်က ဂုဂျာရတ်ပြည်နယ်တွင် ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်း၏ နောက်ဆက်တွဲအနေဖြင့် ရာဇထန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းခြင်း ဖြစ်သည်ဟု ဒေသဆိုင်ရာ မိုးလေဝသဌာနမှ တာဝန်ရှိသူများက ပြောသည်။

အာရေဗျပင်လယ်မှ အစပြုခဲ့ပြီး အိန္ဒိယနိုင်ငံ အနောက်ကမ်းရိုးတန်းတစ်လျှောက် ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းဘိုင်ပါဂျွိုင်းသည် ကြာသပတေးနေ့က ကက်ရှ်ခရိုင်ရှိ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်းကြောင့် ရာဇထန်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားစဉ်။



ဒါကာမြို့ရှိ ကျန်းမာရေးစင်တာတစ်ခု၌ ကလေးငယ်အား ဗီတာမင်အေဆေး တိုက်ကျွေးစဉ်။

# ကလေးငယ် ၂၂ သန်းခန့်ကို ဗီတာမင်အေဆေးတောင့်များ ဝေငှရေး လှုပ်ရှားဆောင်ရွက်မှု ဘင်္ဂလားဒေ့ရှ်စတင်

**ဒါကာ ဇွန် ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အသက်ခြောက်လနှင့် ငါးနှစ်အရွယ်ကြားရှိ ကလေးငယ် ၂၂ သန်းဝန်းကျင်ကို ဗီတာမင်အေဆေးတောင့်များ ဖြန့်ဝေပေးနိုင်ရန် နိုင်ငံအနှံ့လှုပ်ရှားမှုတစ်ခုကို စတင်လိုက်ကြောင်း သိရသည်။

**ကျန်းမာရေးလုပ်သား ၁၀၀၀၀၀ ကျော်ဖြန့်ထား**

ထို့ကြောင့် ဆေးတောင့်ဖြန့်ဝေပေးနိုင်ရေး လှုပ်ရှားဆောင်ရွက်မှု အောင်မြင်နိုင်ရေးအတွက် ကျန်းမာရေးလုပ်သား စုစုပေါင်း ၁၀၀၀၀၀ ကျော်ကို နိုင်ငံတစ်ဝန်းရှိ အမြဲတမ်းနှင့် ယာယီစခန်းသို့ ဖြန့်ကြက်ထားသည်။ ဗီတာအေ ဆေးတောင့်များ ရယူနိုင်ရန် ဇွန် ၁၈ ရက် နံနက်ပိုင်းမှစတင်ကာ ဒါကာနှင့် နိုင်ငံတစ်ဝန်းရှိ စင်တာများသို့ မိဘများက ၎င်းတို့ ကလေးများ ခေါ်ဆောင်သွားကြကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးနှင့်မိသားစုလူမှုဖူလုံရေးဝန်ကြီး ဇာဟစ်မာလီကေးက အစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းရှိ ကလေးငယ်ပေါင်း ၂၂ သန်းခန့်ကို ဆေးတောင့်များ ဝေငှသွားနိုင်ရေးကို ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။

**ကလေးငယ်များသေဆုံးမှုလျှော့ချရေး**

ထို့အပြင် ထိုကဲ့သို့ လှုပ်ရှားဆောင်ရွက်မှုက ညဘက်မျက်စိမမြင်မှုလျှော့ချရေး၊ ဝက်သက်နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကဲ့သို့သော ရောဂါ များမှ ကလေးငယ်များ သေဆုံးမှုအန္တရာယ်ကို လျှော့ချရာတွင် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ကြီးမားစွာအထောက်အကူဖြစ်စေကြောင်း ၎င်းက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဗီတာမင်အေပလပ်စ် လှုပ်ရှားဆောင်ရွက်မှုကို တစ်နှစ်လျှင် နှစ်ကြိမ် ဆောင်ရွက်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပျောက်ဆုံးနေသည့်ရေငုပ်သမား ခုနစ်ဦးကို ဂျပန်ကမ်းခြေစောင့်တပ် ကယ်ဆယ်

**တိုကျို ဇွန် ၁၉**

အိုကီနာဝါပြည်နယ်တောင်ပိုင်း ရေပြင်၌ ပျောက်ဆုံးနေသည့် ရေငုပ်သမားခုနစ်ဦးစလုံးကို ကယ်ဆယ်ခဲ့ကြောင်း၊ ၎င်းတို့တွင် ထိခိုက်ဒဏ်ရာ မရရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

တနင်္လာနေ့ မွန်းတည့်မတိုင်မီ လူခုနစ်ဦး ပျောက်ဆုံးခဲ့သည်ကို ရေငုပ်သမားနည်းပြတစ်ဦးက သတင်းပေးပို့ပြီးနောက် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ရှာဖွေမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့မှာ အိုကီနာဝါ၏ ပင်မကျွန်းတောင်ဘက်ရှိ အီတိုမန်မြို့ သန္တာကျောက်တန်း၏ မြောက်ဘက်ရေပြင်၌ ရေငုပ်ခရီးစဉ်ကို လုပ်ဆောင်ခဲ့ကြောင်းနှင့် ညနေ ၃ နာရီတွင် ခုနစ်ဦးစလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် ၁၅ လအတွင်း အိုးအိမ်စွန့်ခွာထွက်ပြေးရသူ ၂ ဒသမ ၈ သန်းရှိဟုဆို

**ကင်ဆာရှာ ဇွန် ၁၉**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းမှ ပဋိပက္ခဖြစ်ပွားနေသော ပြည်နယ် သုံးခုဖြစ်သည့် မြောက်ကီဗူ၊ တောင်ကီဗူနှင့် အီတူရီပြည်နယ်တို့တွင် ၂၀၂၂ ခုနှစ် မတ်လနောက်ပိုင်း အိုးအိမ်စွန့်ခွာထွက်ပြေးရသူပေါင်း ၂ ဒသမ ၈ သန်းခန့် ရှိကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ဇွန် ၁၉ ရက်တွင် ပြောသည်။

ထို့ကြောင့် ဗဟိုအာဖရိကနိုင်ငံသည် လက်ရှိတွင် ပြည်တွင်း အိုးအိမ်စွန့်ခွာ နေထိုင်သူပေါင်း ၆ ဒသမ ၃ သန်း ရှိလာပြီဖြစ်သည့်အတွက် အခြားသော အာဖရိကနိုင်ငံများထက် အများဆုံးပမာဏဖြစ်လာကြောင်း အိုစီအိတ်ချ်အေ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကျားမအခြေပြု အကြမ်းဖက်မှုသည် ယခုနှစ် ပထမသုံးလအတွင်း အစီရင်ခံတင်ပြသည့် အမှုပေါင်း ၃၁၀၀၀ ကျော်ရှိကြောင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အစီရင်ခံတင်ပြမှု နည်းပါးသည့်အတွက် အမှန်တကယ်တင်ပြမှု အရေအတွက်ထက် ပိုမိုများပြားနိုင်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။ ယခုနှစ်တွင် လူပေါင်း ၁၀ သန်းကို ကူညီပံ့ပိုးပေးရန်အတွက် အကူအညီပေးရေး အေဂျင်စီက ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅ သန်း လိုအပ်လျက်ရှိသော်လည်း ဇွန် ၁၉ ရက်အထိ ၂၈ ရာခိုင်နှုန်းသာ ရရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**



ပဋိပက္ခဖြစ်ပွားမှုကြောင့် အိုးအိမ်စွန့်ခွာလာသော ဒေသခံပြည်သူများကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်က တွေ့ရစဉ်။

# လယ်ယာထွက်ကုန်သီးနှံများ ဈေးကောင်းရရှိ



မိတ္ထီလာခရိုင်အတွင်း ၂၀၂၃ ခုနှစ် ဇွန်လဆန်း၌ ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းများအရ ယခုနှစ်တွင် မနေသုခဆန် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ ကြက်သွန်နီ တစ် ပိဿာလျှင်ငွေကျပ် ၁၈၀၀ မှ ၂၀၀၀၊ ငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ ဝါသီးနှံတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်နှစ်တွင် မနေသုခဆန်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၊ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀၊ ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ၃၀၀-၃၅၀ ကျပ်၊ ငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၆,၀၀၀၊ ဝါသီးနှံတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဈေးသာရှိခဲ့ပြီး ယခင်နှစ်နှင့် ယခုနှစ်ကာလတူ နှိုင်းယှဉ်လျှင် သီးနှံဈေးနှုန်းများ မြင့်တက်လာသဖြင့် တောင်သူများအတွက် အကျိုးအမြတ်ရရှိ၍ ယခုနှစ် မိုးရာသီတွင်သီးနှံများ ပိုမိုစိုက်ပျိုးမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။ **DOCA (မန္တလေး)**

# မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီ ဈေးနှုန်းဈေးကွက်



မိတ္ထီလာခရိုင်တွင် ကြက်သွန်နီ ဈေးနှုန်းမှာ ကျေးရွာပေါက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀-၂၂၀၀၊ မြို့ပေါ်ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၂၂၀၀-၂၃၀၀ ဖြင့် ယခင်တစ်ပတ်ဈေးနှင့် ကွာခြားမှုမရှိဘဲ ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ဇွန်လတတိယပတ်အတွင်း မိတ္ထီလာမှရန်ကုန်သို့ ၁၂ ဘီးကား သုံးစီးဖြင့် ကုန်ချိန်ပိဿာ ၁၀၀၀၀ ခန့်၊ ပဲခူးသို့ တစ်ရက်လျှင် ခြောက်ဘီးကား တစ်စီးဖြင့် ကုန်ချိန်ပိဿာ ၃၀၀၀၀ ခန့်၊ မူဆယ်သို့ တွဲကားနှစ်စီးဖြင့် ကုန်ချိန် ၆၄ တန်၊ မြဝတီသို့ ၁၂ ဘီးကား ခြောက်စီးဖြင့် ကုန်ချိန် ၁၀၂ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ကုန်တင်ခအနေဖြင့် တစ်ပိဿာလျှင် မိတ္ထီလာ-ရန်ကုန် ငွေကျပ် ၁၁၀၊ မိတ္ထီလာ-ပဲခူး ငွေကျပ် ၁၁၀၊ မိတ္ထီလာ-မူဆယ် ငွေကျပ် ၂၀၀ နှင့် မိတ္ထီလာ-မြဝတီ ၁၅၀ ကျပ်ရှိကြောင်း သိရှိရသည်။

**DOCA(မန္တလေး)**

# အုတ်ဖိုမြို့နယ်တွင် ငရုတ်စိုက် တောင်သူများ အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် ငရုတ်သီးစိမ်းများ လှိုင်လှိုင်ထွက်ပေါ်နေပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း၌ အုတ်ဖိုငရုတ်နာမည်ဖြင့် ဈေးကွက်ရနေပြီး အုတ်ဖိုမြို့နယ်တွင် ကျေးရွာပေါင်း ၂၂ ရွာခန့်မှ ငရုတ်စိုက်ဧက ၄၀၀ ကျော်ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ငရုတ်ပင်သည် အပူပိုင်းနှင့် သမပိုင်းရာသီကို ကြိုက်နှစ်သက်သော သီးနှံဖြစ်ပြီး တစ်ဧကလျှင် အပင်ပေါင်း ၁၀၀၀ ခန့်ဖြင့် တန်းကြား သုံးပေခွာ၍ စိုက်ပျိုးရကြောင်း သိရသည်။ ငရုတ်သီးနှံကို စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် ခူးဆွတ်ရကာ ရက် ၉၀ မှ ရက် ၁၅၀ အထိ ခူးဆွတ်ရကြောင်း၊ ငရုတ်သီးစိမ်းမျိုးများအနေဖြင့် ကုလားအော်၊ မိုးမျှော်သီး၊ ရွှေအပ်သီး၊ ပီနံသီး စသည့်ငရုတ်သီးစိမ်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ဈေးနှုန်းအနေဖြင့် ငရုတ်ဒိုင်ကောက်ဈေးအရ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ အထိ ရရှိကြကြောင်း သိရသည်။

ငရုတ်စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျပြီး ဝင်ငွေအနေဖြင့် ပျမ်းမျှငွေကျပ် ၂၈၀၀၀၀၀ သိန်းခန့် ရရှိနိုင်သည်။ အကျိုးအမြတ်အနေဖြင့် ကျပ်သိန်းပေါင်း ၂၀ ခန့် ရရှိနိုင်သဖြင့် တောင်သူများ တွက်ခြေကိုက်သည့် သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။ **DOCA (ပဲခူး)**



## ၁၉.၆.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၉၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၀၀ | | ၁၆၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၇၆၀၀ | ၇၅၀၀ | ၄၈၀၀ | ၉၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၄၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၄၀၀ | ၉၀၀၀ | ၇၅၀ | ၇၈၀၀ | ၆၀၀၀ | ၄၇၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၄၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၂၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၇၀၀ | ၂၂၀၀၀ | ၁၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၃၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၃၅၀၀ | ၆၇၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၅၀၀ | ၇၅၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၂၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၉၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၂၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၅၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၅၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ တောင်ကြီးနှင့် မန္တလေးတွင် ငွေကျပ် ၁၀၀၊ မြစ်ကြီးနား၊ မုံရွာ၊ ပခုက္ကူ နှင့် မကွေးတွင် ငွေကျပ် ၂၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ်၂၀၀၀၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ စစ်တွေတွင် ငွေကျပ် ၁၅၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ကလေးတွင် ငွေကျပ် ၅၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ်၅၀၀၊ ချင်း တစ်ပိဿာလျှင် လှိုင်ကော်တွင် ငွေကျပ် ၁၀၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၅၀၀၊ ရန်ကုန်၊ မုံရွာ၊ ပခုက္ကူ၊ ပြည်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၄၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၁၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၃၀၀၊ ပြည်တွင် ငွေကျပ် ၂၀၀၊ ဝက်သား တစ်ပိဿာလျှင် လှိုင်ကော်တွင် ငွေကျပ် ၁၀၀၀၊ အမဲသားနှင့် ဆိတ်သား တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၂၀၀၊ မြိတ်၊ ပုသိမ်နှင့် မုံရွာတွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၅၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ သကြား တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၊ ဝက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၀၀၀၊ အမဲသား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# အယ်လ်နီညို (El Nino) အကြောင်း သိကောင်းစရာ

ဒေါက်တာမြင့်မြင့်အေး (မိုး/ဇလ)

**အယ်လ်နီညို (El Nino) ဆိုသည်မှာ ခရစ္စမတ်ကာလအနီးတွင် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေ မြောက်ပိုင်းဒေသများဖြစ်သည့် “ပီရူးနှင့် အီကွေဒေါ” ကမ်းခြေများရှိ မူလရေအေးစီးကြောင်းများတွင် ရေနွေးစီးကြောင်းများ အစားထိုးစီးဝင်လာခြင်းဖြစ်ရပ်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ခရစ္စမတ်ကာလဖြစ်သည့် ဒီဇင်ဘာလတွင် တွေ့ရလေ့ရှိပြီး ခရစ်တော်ကို ဂုဏ်ပြုသောအားဖြင့် “ခရစ်၏သားတော်” ဟူသော အနက်အဓိပ္ပာယ်ဖြင့် “အယ်လ်နီညို”ဟု အမည်ပေးထားခြင်းဖြစ်သည်။**

အယ်လ်နီညို (El Nino) ကို ပထမဆုံး စတင်တွေ့ရှိသူများမှာ ပီရူးနိုင်ငံနှင့် အီကွေဒေါနိုင်ငံရှိ ရေလုပ်သားကြီးများဖြစ်ကြသည်။ အဆိုပါနိုင်ငံများရှိ ငါးဖမ်းလုပ်ငန်းများတွင် မကြာခဏဆိုသလို ငါးဖမ်းရရှိမှု လျော့နည်းလာလေ့ရှိကြောင်းကို သတိပြုမိရာမှ ရေအေးစီးကြောင်းများနေရာတွင် ရေပူစီးကြောင်းများ အစားထိုးဝင်ရောက်လာခြင်းကို စတင်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ ပင်လယ်ရေစီးကြောင်းများ ပြောင်းလဲရာမှတစ်ဆင့် ဆက်စပ်လေထုလွှာအခြေအနေများ၊ မိုးလေဝသနှင့် ရာသီဥတုအခြေအနေများကိုပါ ပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်စေပါသည်။


အယ်လ်နီညိုနှစ်များတွင် အရှေ့ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပြင်းအားအပေါ်မူတည်၍ ပုံမှန်ထက် (၁-ဒီဂရီဆဲလ်စီးယပ်မှ ၃-ဒီဂရီဆဲလ်စီးယပ်)ခန့် မြင့်တက်နေနိုင်သည်။ အယ်လ်နီညိုဖြစ်စဉ်များသည် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်လျှင် တစ်ကြိမ်ကျ ဖြစ်ပေါ်လေ့ရှိပြီး အနည်းဆုံး ကိုးလမှ နှစ်နှစ်အထိ ကြာမြင့်တတ်သည်။ နှစ်တစ်နှစ်၏ နှစ်လယ်လများတွင် အစပျိုးဖြစ်ပေါ်လေ့ရှိသော အယ်လ်နီညိုဖြစ်စဉ်များသည် ခရစ္စမတ်ကာလတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိပြီး ဒုတိယနှစ်၏ ပထမနှစ်ဝက် ကာလများအတွင်း တဖြည်းဖြည်း အားလျော့သွားလေ့ရှိသည်။

အယ်လ်နီညို (El Nino) သည် ရာသီဥတုကို ဖောက်လွဲဖောက်ပြန်ဖြစ်စေသည့် သဘာဝဖြစ်စဉ်ဖြစ်ပြီး ခရစ္စမတ်ကာလတွင် အမြင့်ဆုံးအခြေအနေ (Peak Condition)ကို တွေ့ရလေ့ရှိကာ ပစိဖိတ်သမုဒ္ဒရာအရှေ့ဘက်ကမ်းခြေဒေသများ၏ ရာသီဥတုကိုသာမက အာရှတိုက်တောင်ပိုင်းကမ်းခြေဒေသများသို့တိုင် ဆက်စပ်၍ အစွန်းရောက်ရာသီဥတုအခြေအနေများကို ဖြစ်ပေါ်စေနိုင်သည်။ မိုးရွာလေ့မရှိသော ကန္တာရကဲ့သို့ ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းတတ်ပြီး အမြဲစိမ်းသစ်တောကဲ့သို့ စွတ်စိုသောဒေသများတွင်လည်း မိုးခေါင်စေတတ်ပါသည်။


**အယ်လ်နီညိုဖြစ်ပွားပုံ**

ပုံမှန်နှစ်များတွင် အီကွေတာအနီး ပစိဖိတ်သမုဒ္ဒရာအရှေ့ဘက်ကမ်းခြေမှ တိုက်ခတ်လာသော အေးမြသည့် ကုန်သည်လေများသည် ဩစတြေးလျတိုက်အနီးသို့ ရောက်ရှိသောအခါ ပူနွေးသည့် ပစိဖိတ်သမုဒ္ဒရာအနောက်ဘက်ကမ်းခြေမှ တိုက်ခတ်လာသော လေများနှင့်စုဆုံပြီး လေထုမငြိမ်မသက်ဖြစ်၍ အထက်သို့တက်ကာ မိုးတိမ်တောင်များ ဖြစ်ပေါ်လာသည်။ ထိုမှတစ်ဆင့် အထက်လေထုလွှာတွင် အရှေ့လေစီးကြောင်းဖြင့် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေသို့ ရောက်သောအခါ စိုက်ဆင်းလေများအဖြစ်ပြန်လည်ရောက်ရှိလာလေ့ရှိသည်။ အဆိုပါ လေလှည့်ပတ်မှုဖြစ်စဉ်ကို “Walker Circulation” ဟု ခေါ်ဆိုသည်။ ထို့ကြောင့် ပုံမှန်နှစ်များတွင် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတစ်လျှောက်၌ ခရစ္စမတ်ကာလအတွင်း အေးမြခြောက်သွေ့သည့် မိုးလေဝသအခြေအနေကို ဖြစ်ပေါ်စေသည်။

အယ်လ်နီညိုနှစ်များတွင် အီကွေတာအနီး ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ပိုမိုပူနွေးလာကာ အီကွေတာတစ်လျှောက်ရှိ ကုန်သည်လေများ အားလျော့သွားပြီး အထက်လေထုလွှာတွင် “Walker Circulation” သည် ပုံသဏ္ဍာန်မမှန်တော့ဘဲ ဆဲလ်များကွဲထွက်သွားကာ တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတစ်လျှောက်၌ ပုံမှန်အေးမြခြောက်သွေ့သော မိုးလေဝသဖြစ်စဉ်များအစား ပူနွေးစိုစွတ်သည့်ဖြစ်စဉ်များ အစားထိုးဝင်ရောက်လာသည်။ ပုံမှန်နှစ်တွင် ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်နေသည့် လေထုအခြေအနေပြပုံကို **ပုံ၁။ (က)** ဖြင့်လည်းကောင်း၊ အယ်လ်နီညိုနှစ်များတွင် ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်နေသည့် လေထုအခြေအနေပြပုံကို **ပုံ၁။(ခ)** ဖြင့်လည်းကောင်း ဖော်ပြထားသည်။




ပုံ၁။ (က) ပုံမှန်နှစ်တွင် ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်နေသည့် လေထုအခြေအနေပြပုံ





ပုံ၁။(ခ) အယ်လ်နီညိုနှစ်တွင် ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်နေသည့် လေထုအခြေအနေပြပုံ

အယ်လ်နီညိုဖြစ်စဉ်၏ ပြင်းအားကို NINO 3.4 ဧရိယာ (ပစိဖိတ်သမုဒ္ဒရာရှိ မြောက်လတ္တီတွဒ် ၅ ဒီဂရီမှ - တောင်လတ္တီတွဒ် ၅ ဒီဂရီအထိနှင့် အနောက်လောင်ဂျီတွဒ် ၁၂၀ ဒီဂရီမှ ၁၇၀ ဒီဂရီ အထိဖြစ်သော ဧရိယာ)၌ ဖြစ်ပေါ်နေသော ပင်လယ်ရေမျက်နှာပြင်အပူချိန်ဖြင့် သတ်မှတ်ရာတွင် နှစ် ၃၀ ပျမ်းမျှအပူချိန်ထက် (+၀.၅) ဒီဂရီဆဲလ်စီးယပ်ပိုပါက အယ်လ်နီညိုဖြစ်စဉ်ဟု သတ်မှတ်သည်။ NINO ဧရိယာများပြပုံကို ပုံ(၂)ဖြင့်လည်းကောင်း၊ အယ်လ်နီညိုပြင်းအားအဆင့်ဆင့်သတ်မှတ်ပုံကို **ဇယား(၁)**ဖြင့်လည်းကောင်း ဖော်ပြထားပါသည်။

**အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှု**

အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာအရပ်ရပ်တွင် မိုးလေဝသနှင့်




ပုံ၂။ NINO ဧရိယာများပြပုံ

**ဇယား(၁) ။ အယ်လ်နီညိုပြင်းအားအဆင့်ဆင့် သတ်မှတ်ပုံဇယား**

| ပြင်းအားအခြေအနေ | ပုံမှန်ပင်လယ်ရေမျက်နှာပြင်အပူချိန်မှ ကွာခြားချက်(ဒီဂရီဆဲလ်စီးယပ်) |
|---|---|
| အားအနည်းငယ် | ၀.၅မှ၀.၉ (ပို) |
| အားအသင့်အတင့် | ၁.၀မှ၁.၄ (ပို) |
| အားကောင်း | ၁.၅ မှ ၁.၉ (ပို) |
| အားအလွန်ကောင်း | ၂.၀ နှင့် အထက် (ပို) |

ရာသီဥတုဖြစ်စဉ်များအပေါ် သက်ရောက်လေ့ရှိပါသည်။ အထူးသဖြင့် အီကွေတာနှင့် နီးသောဒေသများတွင် ပိုမိုသက်ရောက်ခံစားရလေ့ရှိသည်။ ဥပမာ - အယ်လ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် တောင်အာဖရိကတိုက် အရှေ့ဘက်ကမ်းခြေ၌ မိုးခေါင်ရေရှားမှုဖြစ်စဉ်များ ဖြစ်ပေါ်တတ်ပြီး အာရှတိုက်တောင်ပိုင်းရှိ အနောက်တောင်မုတ်သုံရာသီလေနှင့်လည်း သွယ်ဝိုက်ဆက်စပ်လျက်ရှိနေသည်။ မုတ်သုံရာသီလေဆိုင်ရာ အဓိကအချက်တစ်ခုဖြစ်သော အပူပိုင်းဒေသ အရှေ့ဂျက်လေစီးကြောင်း (Tropical Easterly Jet–TEJ) များနှင့် အယ်လ်နီညိုသည် ပြောင်းပြန်ဆက်စပ်လျက်ရှိသဖြင့် အယ်လ်နီညိုအားကောင်းပါက အရှေ့ဂျက်လေစီးကြောင်းများ သိသိသာသာ အားနည်းလေ့ရှိပြီး အနောက်တောင် မုတ်သုံရာသီလေ အားနည်းကာ၊ မုတ်သုံမိုးရွာသွန်းမှုကိုလည်း လျော့နည်းစေပါသည်။

**အယ်လ်နီညိုဖြစ်ပေါ်ခဲ့သောနှစ်များအခြေအနေ**

၁၉၅၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ၂၀၂၂ ခုနှစ်အထိ အယ်လ်နီညိုဖြစ်စဉ်စုစုပေါင်း ၂၆ ကြိမ်ဖြစ်ခဲ့ပြီး အားအလွန်ကောင်းခြင်း သုံးကြိမ်၊ အားကောင်းခြင်း ငါးကြိမ်၊ အားအသင့်အတင့်ရှိခြင်း ခုနစ်ကြိမ်နှင့် အားအနည်းငယ်ရှိခြင်း ၁၁ ကြိမ်တို့ဖြစ်ခဲ့သည်။ အားအလွန်ကောင်းခဲ့သော အယ်လ်နီညိုနှစ်များမှာ ၁၉၈၂–၁၉၈၃၊ ၁၉၉၇–၁၉၉၈၊ ၂၀၁၅–၂၀၁၆ ခုနှစ်တို့ဖြစ်သည်။ အယ်လ်နီညိုနှစ်များကို **ဇယား(၂)**တွင် ဖော်ပြထားသည်။ ယခုလက်ရှိ ၂၀၂၃ ခုနှစ် ဇွန်လသည် အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေတွင် ရှိနေသည်။

**ဇယား(၂)။ အယ်လ်နီညိုနှစ်များပြဇယား (၁၉၅၀– ၂၀၂၂ ခုနှစ်အထိ)**

| အယ်လ်နီညို - (၂၆) ကြိမ် | | | |
|---|---|---|---|
| အားအနည်းငယ် (၁၁)ကြိမ် | အားအသင့်အတင့် (၇)ကြိမ် | အားကောင်း (၅)ကြိမ် | အားအလွန်ကောင်း (၃) ကြိမ် |
| ၁၉၅၂ - ၅၃ | ၁၉၅၁ - ၅၂ | ၁၉၅၇ - ၅၈ | ၁၉၈၂ - ၈၃ |
| ၁၉၅၃ - ၅၄ | ၁၉၆၃ - ၆၄ | ၁၉၆၅ - ၆၆ | ၁၉၉၇ - ၉၈ |
| ၁၉၅၈ - ၅၉ | ၁၉၆၈ - ၆၉ | ၁၉၇၂ - ၇၃ | ၂၀၁၅ - ၁၆ |
| ၁၉၆၉ - ၇၀ | ၁၉၈၆ - ၈၇ | ၁၉၈၇ - ၈၈ | |
| ၁၉၇၆ - ၇၇ | ၁၉၉၄ - ၉၅ | ၁၉၉၁ - ၉၂ | |
| ၁၉၇၇ - ၇၈ | ၂၀၀၂ - ၀၃ | | |
| ၁၉၇၉ - ၈၀ | ၂၀၀၉ - ၁၀ | | |
| ၂၀၀၄ - ၀၅ | | | |
| ၂၀၀၆ - ၀၇ | | | |
| ၂၀၁၄ - ၁၅ | | | |
| ၂၀၁၈ - ၁၉ | | | |

စာမျက်နှာ ၁၇ သို့

**အယ်လ်နီညိုဖြစ်စဉ်များသည် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်လျှင် တစ်ကြိမ်ကျ ဖြစ်ပေါ်လေ့ရှိပြီး အနည်းဆုံး ကိုးလမှ နှစ်နှစ်အထိ ကြာမြင့်တတ်သည်။ နှစ်တစ်နှစ်၏ နှစ်လယ်လများတွင် အစပျိုးဖြစ်ပေါ်လေ့ရှိသော အယ်လ်နီညိုဖြစ်စဉ်များသည် ခရစ္စမတ်ကာလတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိပြီး ဒုတိယနှစ်၏ ပထမနှစ်ဝက်ကာလများအတွင်း တဖြည်းဖြည်း အားလျော့သွားလေ့ရှိ**

*စာမျက်နှာ ၁၆ မှ*

## မြန်မာနိုင်ငံနှင့် အယ်လ်နီညိုဖြစ်စဉ်

မြန်မာနိုင်ငံ၌ အယ်ယ်နီညိုဖြစ်ပေါ်သည့် နှစ်များတွင် တစ်နိုင်ငံလုံး၌ နွေကာလပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်၍ ရေရှားပါးမှုပြဿနာများ ကြုံတွေ့ရခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျခြင်း၊ မုတ်သုံလေအင်အားနည်းခြင်း၊ မုတ်သုံလေအထွက်စောခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှု ပုံမှန်အောက်လျော့နည်းခြင်း အစရှိသည့် မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာပြဿနာများ ကြုံတွေ့ရလေ့ရှိသည်။ မုတ်သုံလေအဝင်နောက်ကျပြီး အထွက်စောခြင်းကြောင့် မုတ်သုံကာလကို တိုတောင်းစေပြီး မုတ်သုံမိုးကို မှီခိုရသော စိုက်ပျိုးရေးလုပ်ငန်းများကို များစွာထိခိုက်စေသည်။ ထို့ပြင် မုတ်သုံကာလ တိုတောင်းခြင်းသည် တစ်နည်းအားဖြင့် အပူချိန်မြင့်မားသော နွေကာလများကို ရှည်လျားစေသောကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ သောက်သုံးရေအပါအဝင် စိုက်ပျိုးရေရှားပါးမှုပြဿနာများကို ရင်ဆိုင်ကြရသည်။

ဥပမာဖော်ပြရလျှင် ၁၉၉၇ – ၁၉၉၈ အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၁၉၉၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး မိုးရေချိန်ပမာဏသည် ပုံမှန်နှစ်တစ်နှစ်၏ ရှာသွန်းမြဲမိုးရေချိန်ပမာဏအောက် ၂၃ ရာခိုင်နှုန်းခန့် လျော့နည်းရွာသွန်းခဲ့ပါသည်။ အားအလွန်ကောင်းသော အယ်လ်နီညို ဖြစ်စဉ်ကြောင့် ၁၉၉၈ ခုနှစ် ဧပြီလနှင့် မေလအတွင်း စခန်းပေါင်း ၃၀ ကျော်တွင် အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မိုးခေါင်မှုနှင့် သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့ခဲ့ကြရသည်။

၂၀၀၉–၂၀၁၀ ခုနှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၂၀၁၀ ပြည့်နှစ် မေလအတွင်းတွင်လည်း စခန်းပေါင်း ၂၀ သည် အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းများဖြစ်ပေါ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ အမြင့်ဆုံးအပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ဖြင့် စံချိန်သစ်တင်ခဲ့ရာ ယင်းစံချိန်သစ်သည် ထိုအချိန်က



ပုံ၃။(က) ၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် ရေခန်းခြောက်မှုဖြစ်ပွားပုံ

မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ အမြင့်ဆုံးအပူချိန် စံချိန်သစ်လည်း ဖြစ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်တွင် ရေခန်းခြောက်မှုဖြစ်စဉ်များဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ မြေလတ်ဒေသများတွင်ပါ သောက်သုံးရေပြတ်လပ်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညို ဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေ မြို့နယ်ရှိ အင်းလေးကန် ရေခန်းခြောက်မှုဖြစ်ပွားပုံကို **ပုံ၃။ (က)** ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ မြေလတ်ဒေသများတွင်ပါ သောက်သုံးရေပြတ်လပ် မှုဖြစ်စဉ်ပြပုံကို **ပုံ၃။ (ခ)** ဖြင့်လည်းကောင်း ဖော်ပြထားသည်။

အားအနည်းငယ်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၂၀၁၉ ခုနှစ် မေလအတွင်း စခန်းပေါင်း ၁၂ ခုသည် အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် ပုံမှန်အပူချိန်ထက် ပိုပူခဲ့သည်ကိုလည်း တွေ့ရှိခဲ့ပါသည်။ မြန်မာ




ပုံ၃။(ခ) ၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ မြေလတ်ဒေသများတွင် သောက်သုံးရေပြတ်လပ်မှုဖြစ်စဉ်

နိုင်ငံ၏ (၁၉၈၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်)အတွင်း နှစ်အလိုက် ပျမ်းမျှအမြင့်ဆုံးအပူချိန်များပြပုံကို ပုံ–၄ ဖြင့်လည်းကောင်း ဖော်ပြထားသည်။

၁၉၉၇ – ၁၉၉၈ ခုနှစ် အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်တာပျမ်းမျှ အမြင့်ဆုံးအပူချိန်သည် ၃၂ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်သို့လည်းကောင်း၊ ၂၀၀၉ –၂၀၁၀ ခုနှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်တာ ပျမ်းမျှအမြင့်ဆုံးအပူချိန်သည် ၃၂ ဒသမ ၄ ဒီဂရီ ဆဲလ်စီးယပ်သို့လည်းကောင်း၊ ၂၀၁၈–၂၀၁၉ ခုနှစ် အားအနည်းငယ်ရှိသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်တာ ပျမ်းမျှအမြင့်ဆုံးအပူချိန်သည် ၃၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်သို့ လည်းကောင်း အသီးသီးရောက်ရှိခဲ့သည်။

အချုပ်အားဖြင့်ဆိုသော် အယ်လ်နီညိုဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နိုင်ဖွယ်ရှိသော မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ အစွန်းရောက်လက္ခဏာများကို ပြည်သူလူထုအနေဖြင့် သိရှိနားလည်ပြီး ကြိုတင်သတိပြုသင့်ပါသည်။ ယခု လက်ရှိတွင်လည်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့်တကွ အခြားထင်ရှားသည့် ရက်ရှည်ရာသီဥတု ခန့်မှန်းရေးဌာနကြီးများ၏ သင်္ချာပုံစံပြမော်ဒယ်များ၏ ခန့်မှန်းချက်များအရ ၂၀၂၃ ခုနှစ် ဇွန်လသည် အားအနည်းငယ်ရှိသော အယ်လ်နီညို အခြေအနေတွင်ရှိနေပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြသည်။ သို့ဖြစ်၍ မိုးလေဝသ ရာသီဥတုနှင့် ဆက်စပ်ဆောင်ရွက်ရသော စိုက်ပျိုးရေးကဏ္ဍ၊ ရေသယံဇာတနှင့် စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ စသည်တို့ကို ဆောင်ရွက်ကြရာတွင် လတ်တလောဖြစ်ပေါ်နေသော အယ်လ်နီညို၏ နောက်ဆက်တွဲ အကျိုးဆက်များကြောင့် ကမ္ဘာတစ်ဝန်းတွင် တဖြည်းဖြည်းချင်း ပြောင်းလဲလျက်ရှိသော ရာသီဥတုအခြေအနေများကို ပိုမိုအလေးထားစောင့်ကြည့်ပြီး ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစားကာ ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသော အယ်လ်နီညိုအခြေအနေ သတင်းအပါအဝင် မိုးလေဝသသတင်းများ၊ သတိပေးချက်များနှင့် အကြံပြုချက်များကို စောင့်ကြည့်၍ မိမိတို့၏ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် ကြိုတင်သတိပြုဆင်ခြင်၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလိုက်ရပါသည်။ ။




ပုံ–၄ မြန်မာနိုင်ငံ၏ ၁၉၈၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း နှစ်အလိုက် ပျမ်းမျှအမြင့်ဆုံးအပူချိန်များပြပုံ

# ပိုင်ကျုံမြို့ တာလယ်ကျေးရွာရှိ တာလယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ထား

**ပိုင်ကျုံ ဇွန် ၁၉**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ဒေါနတောင်အရှေ့ဘက်ခြမ်းရှိ ပြည်သူများ၏ လိုအပ်သည့် ကျန်းမာရေးကိစ္စရပ်များကို အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ တာလယ်ကျေးရွာအုပ်စု တာလယ်ကျေးရွာရှိ တာလယ်တိုက်နယ်ဆေးရုံကို ဇွန် ၁၆ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။

ဆေးရုံဖွင့်ပွဲတွင် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက တာလယ်ကျောင်းဆရာတော်ထံမှ သီလခံယူ၍ လှိုင်းဘွဲ့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်း ဦးဆောင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတာဝန်ရှိအဖွဲ့အစည်းများက ဆရာတော်များအား အလှူတော်ငွေနှင့် ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါက်တာ စောငြိမ်းထွန်း ဦးဆောင်သည့် ကျန်းမာရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းကြောင့် သွားလာရေးခက်ခဲသည့် ဒေါနတောင်အရှေ့ဘက်ခြမ်းရှိ ပြည်သူများအတွက် လိုအပ်သည့်ကျန်းမာရေးကိစ္စရပ်ကို အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

နော်ခူး
(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက်ရှိ “မြတ်မောင်” စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့် တရားခံများအား လက်နက်/ခဲယမ်း၊ ရွှေထည်ပစ္စည်းများနှင့်အတူ ငါးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

**၂၀၂၃ ခုနှစ် ဇွန် ၁၈ ရက် ညနေပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် မေဒါဝီလမ်းရှိ “မြတ်မောင်” စိန်ရွှေရတနာဆိုင်သို့ အကြမ်းဖက်သမား (စစ်စစ်ဆဲ) ကျား သုံးဦးမှ ပစ္စတို နှစ်လက်ကိုင်ဆောင်ကာ မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ညှော့ကြို့ဝန်ထမ်း နှစ်ဦးအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ရွှေဆိုင်ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ (ကာလတန်ဖိုး ငွေကျပ်သိန်း ၁၆,၆၀၀ ခန့်) ကို ဓားပြတိုက် လုယက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။**

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ပြခြိမ်းခြောက် ဓားပြတိုက် လုယက်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် ရှာဖွေဖော်ထုတ်ခြင်းကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကိုလိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့်ပြည်သူများ၏ မျက်မြင် သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၁၈ ရက် ညပိုင်းတွင် ဓားပြတိုက် လုယက်သူများသည် ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားအနောက်ရပ်ကွက် ရွှေဂုံတိုင်လမ်းရှိ “အကယ်ဒမီ” ဟိုတယ်၌ ရောက်ရှိ ခိုအောင်းနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရားခံ **ကိုကိုအောင်**၊ ၎င်းနှင့် တရားမဝင် ပေါင်းသင်းနေသူ **ပပလှိုင်** တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကိုကိုအောင်**၏ ထွက်ဆိုချက်အရ ရွှေဆိုင်ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သော တရားခံများဖြစ်သည့် **ကောင်းထက်စံ (ခ) တရုတ်ကြီး** ကို မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ(၂)ရပ်ကွက် နဝရတ်လမ်း အိမ်အမှတ် (၂/၂၀၆) ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ **ကျော်ဇင်လတ်၊ ကောင်းမြတ် (ခ) Blank၊ ဖြိုးကိုကို** နှင့် **ကျော်ဇင်ဝေ** တို့ကို မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ (၅) ရပ်ကွက် ဖြဟ္မစိုရ်လမ်း တိုက်အမှတ် (၁၀၁) တွင် လည်းကောင်း **M-4A1 သေနတ်နှစ်လက်၊ Sig Sauer ပစ္စတိုနှစ်လက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ 91 လက်ပစ်ဗုံး နှစ်လုံး၊ ၅ ဒသမ ၅၆ ကျည်အတောင့် ၃၄၀၊ 9 MM Luger ကျည်အတောင့် ၂၁၀၊ ဓားပြတိုက် လုယက်ရာမှ** ယူဆောင်သွားခဲ့သော ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိတရားခံ ကိုကိုအောင်၏ ထွက်ဆိုချက်အရ ရွှေဆိုင်ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သော တရားခံများဖြစ်သည့် **စောဂျိုးဇက် (ခ) ချိုတိုး**နှင့် **ထွန်းထွန်းနိုင်** တို့ကို မအူပင်မြို့နယ် ခနောင်အုပ်စု ကျွဲလန်းကျေးရွာ၌ **M-16 တစ်လက်**နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ရှစ်ဦး၊ မ တစ်ဦး၊ ပေါင်း ကိုးဦးတို့နှင့်အတူ **M-4A1 သေနတ်နှစ်လက်၊ M-16 တစ်လက်၊ Sig Sauer ပစ္စတို နှစ်လက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ 91 လက်ပစ်ဗုံး နှစ်လုံး၊ ၅ ဒသမ ၅၆ ကျည်အတောင့် ၃၄၀၊ 9MM Luger ကျည်အတောင့် ၂၁၀** တို့ ဖမ်းဆီးရမိခဲ့ပြီး ဓားပြတိုက်လုယက် ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများအား **ဖြစ်စဉ်ဖြစ်ပွားပြီး ငါးနာရီအတွင်း** အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် အရှိန်အဟုန်မြှင့် စစ်ဆေးရှာဖွေမှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား

*စာမျက်နှာ ၁၉ သို့*




မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ(၅)ရပ်ကွက် ဖြဟ္မစိုရ်လမ်း တိုက်အမှတ်(၁၀၁)တွင် လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ လေးဦး၏ မှတ်တမ်းဓာတ်ပုံ။



(ဝဲမှ ယာ) ကျော်ဇင်ဝေ၊ ကျော်ဇင်လတ်၊ ဖြိုးကိုကို၊ ကောင်းမြတ်(ခ)Blank

ဓားပြတိုက်လုယက်ခံရသည့် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ “မြတ်မောင်” စိန်ရွှေရတနာဆိုင်








မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ “မြတ်မောင်” စိန်ရွှေရတနာဆိုင် ဓားပြတိုက်လုယက်ခံရသည့် CCTV မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၈ မှ*

ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက



ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနောက်ရပ်ကွက် ရွှေဂုံတိုင်လမ်းရှိ "အကယ်ဒမီ"ဟိုတယ်တွင် ဖမ်းဆီးရမိသည့် ကိုကိုအောင်၊ ပပလှိုင်။



မအူပင်မြို့နယ် ခနောင်အုပ်စု ကျွဲလန်းကျေးရွာတွင် လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် (ဝဲမှ ယာ) ထွန်းထွန်းနိုင်၊ စောဂျိုးဇက်(ခ)ချိုတိုး။

သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ကာလိ ဇွန် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကာလိမြို့၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က လွိုင်မွန်းတောင်ခြေ၌ကျင်းပရာ ကွန်ဟိန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ အတွင်းရေးမှူး ရဲမှူးကြီး သိန်းဇော်နှင့် အဖွဲ့ဝင် ဗိုလ်မှူးဝင်းမင်းသန့်က ပျိုးပင်များကို ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများကို ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ မဲဇလီ၊ စိန်ပန်းပြာနှင့် မန်ဂျန်ရှားပင် စုစုပေါင်း ပျိုးပင် ၆၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၃၀ ကျော်တို့ စုပေါင်းစိုက်ပျိုးကြသည်။ **ကာလိ(ပြန်/ဆက်)**



## ကျွန်းစုမြို့၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ကျွန်းစု ဇွန် ၁၉**

ကျွန်းစုမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ရရှိရေးအတွက် ပန်းခင်းစီမံချက် အဆင့်(၂)အရ ယနေ့ နံနက်က ကျွန်းစုမြို့ ကပကျေးရွာအုပ်စု ကပကျေးရွာရှိ ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် လဝက ရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ နိုင်ငံသား စိစစ်ရေးကတ် ၁၄၄ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၈ ခု ဆောင်ရွက်ပေးရာ မြိတ်ခရိုင် လဝကဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို သက်ဆိုင်သူများထံ ပေးအပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ခရိုအေးရှားနှင့် စပိန်အသင်းတို့သည် ဗိုလ်လုပွဲစဉ်ဖြစ်သည်နှင့်အညီ အကြိတ်အနယ်ရှိခဲ့ပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ကာ ပယ်နယ်တီအဆုံးအဖြတ်အထိ ခံယူခဲ့ရသည်။

အစပိုင်းပွဲချိန်များတွင် ခရိုအေးရှားအသင်းက စပိန်အသင်းကို ဖိအားပေး ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ စပိန်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုကို ခုခံကာကွယ်ခဲ့ရသည်။ နှစ်ဖက်အသင်းများသည် သာမန်ပွဲကစားချိန်နှင့် အချိန်ပို ပွဲကစားချိန်အတွင်း အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများ၊ ဂိုးရရှိနိုင်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲခြင်း မရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်အထိ ခံယူခဲ့ရခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားတွင် ဗိုလ်လုပွဲစဉ်ကို ရောက်ရှိပြီး ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားတွင် တတိယနေရာရရှိခဲ့သည့် ခရိုအေးရှားအသင်းသည် နောက်ထပ်တစ်ကြိမ်ဆုဖလား ကိုင်မြှောက်ခွင့်နှင့် နီးစပ်ခဲ့သော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်များစွာ ရှိနေသေးသည့်အတွက် ဆုဖလားနှင့် ထပ်မံဝေးကွာခဲ့ရသည်။

ယခုဗိုလ်လုပွဲတွင် ခရိုအေးရှားအသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ ငါးဂိုး - လေးဂိုးဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည့် စပိန်အသင်းသည် ပြင်သစ်အသင်းပြီးနောက် ကမ္ဘာ့ဖလား၊ ဥရောပချန်ပီယံရှစ်ဖလားနှင့် နေးရှင်းလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်သည့် ဒုတိယမြောက် နိုင်ငံအသင်း ဖြစ်လာခဲ့သည်။

**အောင်ဇော်**



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို နားခံကျေးရွာအုပ်စု ဝမ်ယေးကျေးရွာ စက်တော်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေ၌ ဇွန် ၁၇ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများက ပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ မျိုးညွန့်ရွှေ (မိုးနဲ)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်**
**စိမ်းလန်းစေရမည်**

## သီပေါမြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**သီပေါ ဇွန် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင် ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက ရဲတပ်ဖွဲ့ဝင်များသည် ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၌ သန့်ရှင်းသာယာလှပရေးနှင့် ပေါင်းမြက်၊ ချုံနွယ်များနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အရေးပေါ်လူနာများ သွေးလိုအပ်ချက်အရ ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။ **စိုင်း(သီပေါ)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၇၀ ကျပ် | ၂၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၅ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၀ ကျပ် | ၂၁၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၇၉၀၀ | ၆၀၂ | ၄၈၀၈၆၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၆၆၄ | ၁၉၂၅၆၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၃ | ၂၁၉၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၆၉၄၉ | ၁၀၃၇၈၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁ | ၂၄၅၀ |
| AHPC | ၄၉၀၀ | ၄၈၀၀ | ၂၃၇ | ၁၁၅၉၉၀၀ |

ညီညီ - စုစည်းသည်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၉

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဇင်သက်ပိုင်(ခ) ဟေရှမ်းသည် ၎င်းအသုံးပြုသည့် "Hay Shan" Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်နေ ဝင်းကျော်မိုးသည် ၎င်းအသုံးပြုသည့် "Win Kyaw Moe" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျုံပျော်တွင် ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ခြင်း အသိပညာပေး

ကျုံပျော် ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးနှင့် ပြည်သူများ တစ်ခါသုံး ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ခြင်း အသိပညာပေးဆောင်ရွက်မှုကို ကျုံပျော်မြို့မဈေး အတွင်း၌ ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူများပူးပေါင်း၍ ဈေးရောင်းချသူများ ပလတ်စတစ်အိတ်သုံးစွဲမှု ရှိမရှိ စစ်ဆေးပြီး မြို့နယ်အတွင်းရှိဈေးများ၌ တစ်ပတ်လျှင် ပလတ်စတစ်အိတ် အသုံးပြုမှု ၀ ဒသမ ၁၅ တန်နီးပါး လျှော့ချလာနိုင်ကြောင်း သိရသည်။ ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ခြင်းကို မြို့နယ်အတွင်းရှိ မြို့မဈေး၊ အထောင်ဈေးနှင့် ပျံကျဈေးများအားလုံး၌ အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင်အသံချဲ့စက်များဖြင့် နှိုးဆော်၍ အများပြည်သူပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လပြည့်ဦး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် အောက်မင်္ဂလာဒုံ လမ်းမကြီးနှင့် ပြည်တော်သာ (၁)လမ်းထိပ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ထူးခန့်နောင်၊ ပြည့်စုံကျော်မင်းနှင့် ဟိန်းခင်ဇော်တို့ သုံးဦး မော်တော်ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာသဖြင့် ရှာဖွေရာ ၎င်းတို့ သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၆၇ သိန်း သိမ်းဆည်းရမိခဲ့ပြီး ဇွန် ၁၇ ရက် နံနက် ၁ နာရီတွင် ဖမ်းမိတရားခံ ပြည့်စုံကျော်မင်း ငှားရမ်းနေထိုင်သည့် ရွှေပြည်သာမြို့နယ် (၈/၄)ရပ်ကွက် ယောမင်းကြီးလမ်းရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၉ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၈၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရသိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့ရှိ KTV/CLUB/BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သည့် ပြည့်စုံကျော်မင်း၊ ထူးခန့်နောင်၊ ဟိန်းခင်ဇော်နှင့် ပြည့်စုံကျော်မင်းငှားရမ်းနေထိုင်သည့် ရွှေပြည်သာမြို့နယ် နေအိမ်မှ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ။

## တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရေးအဖွဲ့မှ ဒုရဲမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ထန်းတပင်မြို့နယ် ရန်ကုန် - ညောင်တုန်း လမ်းမအနီး၌ ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ မောင်းနှင်လာသော လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထပ်မံ၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲဝိုင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ Toyota Passo မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇွန် ၁၇ ရက်တွင် မြိတ်မြို့နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့က မြိတ်မြို့ အင်းလေးမြိုင်ရပ်ကွက် မင်းဓမ္မလမ်းရှိ ဂိုဒေါင်တစ်လုံးကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Big Cola အချိုရည်ဘူး ၄၈၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၀၀၀) ကို လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ထားဝယ် - မြိတ်ကားလမ်း ကျောက်ရပ် ကျေးရွာအနီးရှိ ပေါက်တိုင်းတံတား စစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့က ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးကိုစိစစ်၍ ထားဝယ်မြို့နယ် အကောက်ခွန်ဦးစီးဌာန မှူးရုံးသို့ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Esty Coll-agen Soap အခု ၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Haise Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၉၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အပြင် ဇွန် ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ထုတ်နုတ်ပူးပေါင်းအဖွဲ့က ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၉၈ မိုင်၊ လေးဖာလုံခန့် သစ်ဆိမ့်ပင်ကျေးရွာ လမ်းခွဲ ရှောင်ကွင်းလမ်း အနီးတွင် မော်တော်ယာဉ်တစ်စီးကို စိစစ်၍စစ်ဆေးရေးစခန်း၌ အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Gaysorn Vegetable Cooking Oil လီတာ ၁၄၄၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၇ ရက်နှင့် ၁၈ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၆၀၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက -တောင်ဇင်း Grade-11မှ မောင်သူထူးကို၏ဖခင် အမည်မှန်မှာ ဦးအေးနိုင်ဝင်း ၇/ မညန(နိုင်)၁၁၃၉၃၅ ဖြစ်ပါကြောင်း။

**ဦးအေးနိုင်ဝင်း**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ရေဝေရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းနေ (ဘ)ဦးထွန်းရီ၏သမီး ဒေါ်သီတာမြင့် ၇/သဝတ(နိုင်)၀၀၆၆၀၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၁-၁၉၆၂ ဖြစ်ပါကြောင်း။

**ဒေါ်သီတာမြင့်**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊အထက ပေါက်တောကျောင်း G-4 မှ မောင်ကျော်ကျော်ခိုင်၏ ဖခင် အမည်မှန်မှာ ဦးဇော်ဝင်းအောင် ၇/ဖမန(နိုင်)၁၃၉၄၁၉ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်းအောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၆-၂၀၂၃ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၈) ယာဉ်အမှတ် ၁၅ဟ/၈၂၅၁၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ကညန၊ ခရိုင်ရုံး (သထုံ)အစား ကညန၊ ပြည်နယ် ဦးစီးမှူးရုံး မော်လမြိုင်မြို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7792,Mitsubishi Pajero V44, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူမိုး ၅/ကသန(နိုင်) ၀၈၂၈၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/3092, Toyota Hilux Surf RZN35, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဟိန်း ၁၂/မဂဒ(နိုင်)၁၄၈၅၄၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/5328, IM MINI TRUCK(TM 001), P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သက်စု ၉/အမရ(နိုင်) ၀၉၅၆၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ်(၄၁က)ဧရိယာ(၀.၀၅၉)ဧကရှိ ဦးသန်းအောင်၊ ဒေါ်ဝင်းငွေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဒေါ်ဝင်းငွေ(ဘ) ဦးဖိုးဆယ် ၁၂/စခန(နိုင်)၀၃၅၈၉၈မှ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ အမှတ် ၁၀၁ ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေကွက်အမှတ်(၁၃၂/၁၀၁)၊ အကျယ်အဝန်း(၂၀'x ၆၀')ရှိ ဦးအောင်စိုး (N/RGN-၀၀၂၃၈၇အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက် ဦးအောင်စိုးထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူခဲ့၍ လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းကျော်ကျော်ဗိုလ် ၁၂/ဒဂရ(နိုင်)၀၁၀၉၅၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ဒေါ်နော်ခင်ဝေဝေကျော် ၁၃/လရန(နိုင်) ၁၀၃၉၀၆၊ ဒေါ်နော်အုန်းကြည် ၉/မထလ(နိုင်)၀၇၉၀၈၄တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B. D.B.L., D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၇၃၀၂၆၁၉၉၊ ၀၉- ၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၅၂၉)၊ စံပယ်ဦး(၂)လမ်း၊ ဦးဝင်းမြင့်ဦး(N/OKA-၀၉၁၇၀၁) အမည်ပေါက် ပါမစ်မူရင်း ဧရိယာအကျယ်အဝန်း (ပေ ၅၀x ပေ၆၀) အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် ဧရိယာအကျယ်အဝန်း (၂၅ပေx ပေ၆၀) မြေချပါမစ်မိတ္တူ(ခေါင်းရင်းခြမ်း) အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးမောင်မောင် ၁၂/ဥကတ(နိုင်)၁၆၄၇၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းမင်းထွဋ် ၁၂/ဒဂမ(နိုင်)၀၂၉၁၄၆မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်းထွဋ်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင် (LL.B)**
**အထက်တန်းရှေ့ နေ (စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း) မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး (၁)၊ (C) လမ်းသွယ်၊ အိမ်အမှတ် (၄၀/ခ)နေ ဒေါ်ရင် (ဘ) ဦးသာမောင် (၉/ပဥလ(နိုင်)၀၀၅၃၂၃ မှ ၃၀-၄-၂၀၂၂ ရက်တွင် ဦးမြလှိုင်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၀၂၄/၁၉၈၉)နိုတြီပဗ္ဗလစ် (၇၆၆/၂၀၁၆) ရှေ့မှောက်၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၃/၂၀၂၂) ဖြင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ စီလမ်းသွယ်၊ အိမ်အမှတ် (၄၀/ခ)နေ ဒေါ်သီတာဝင်း(ဘ) ဦးဝင်းတင် (၁၀/ကမရ(နိုင်)၀၅၆၄၅၂) အား အသိသက်သေများရှေ့မှောက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးထားခဲ့ပါသည်။ အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲပြောင်းပေးအပ်သူ ဒေါ်ရင်မှ လက်ခံရရှိသူ ဒေါ်သီတာဝင်းအား ဆက်လက်ပေးအပ်ထားရန် ဆန္ဒမရှိတော့ပါသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤကြေညာချက်ပါသည့်ရက်မှစ၍ အပြီးအပိုင် တစ်ဖက်သတ် ပြန်လည်ပယ်ဖျက်ရုပ်သိမ်းလိုက်ပါ ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရင် ၉/ပဥလ(နိုင်)၀၀၅၃၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁)၊ မြေကွက်အမှတ် (၂၀၇)၊ (၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ (၄၂x၆၀) ပေအကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်း မှတ်တမ်းတွင် ဒေါ်ခင်စီ (AA-၀၈၈၅၃၀) အမည်ဖြင့် တည်ရှိသော နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်အေးဖြူလှိုင် ၁၂/သဃက(နိုင်)၀၁၂၂၇ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရည်မွန်ချိုထွဋ် ၁၃/လရန(နိုင်)၁၀၃၁၇၂ က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်၊ နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ကြည်လပြည့်ဝန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၅၁၉၂၄/၂၀၁၉)** |

**တိုက် (၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း) (၈)မိုင်မီးပွိုင့်အနီး (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မရင်မိုး ၁၀/သထန(နိုင်) ၂၆၉၆၆၂၏ ပတ်စ်ပို့နံပါတ် MC 232404မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၄၁၇၇၉၁**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ ကျောတိုက်ရပ်ကွက်နေ ဦးအောင်ဇော်ငြိမ်း ၈/ဂဂန(နိုင်)၀၇၅၈၉၁နှင့် ဒေါ်ခင်မမ ၈/ဂဂန(နိုင်)၀၅၇၃၄၂ တို့၏သား မောင်အံ့ဘုန်းမြတ်အား မောင်အံ့ထူးကျော်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မောင်အံ့ထူးကျော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၃၈/က+ခ)၊ (၂)ခန်းတွဲ RC (၈ ၁/၂ ) ထပ်တိုက် (Lift ပါ)အဆောက်အအုံ၏ (ဆဋ္ဌမထပ်)၊ (၇-လွှာ) ၊ဧရိယာ(၁၀၂၆)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ရည်ရည်ဆွေ ၁၂/တမန(နိုင်)၀၀၀၂၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသန်းမြင့်ဇော် ၁၂/သလန(နိုင်)၀၈၃၆၄၉၊ ဒေါ်နန်းကလျာဦး ၉/ခမစ(နိုင်)၀၁၁၀၆၇ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းမြင့်ဇော်၊ ဒေါ်နန်းကလျာဦး တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ- (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄) ၊ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09 421157856,09-798458627**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၇+၈၊ တိုက်တန်းဝွေးဇီး၊ ဦးပိုင်အမှတ် ၃၀၊ ဧရိယာ ၀ဒသမ ၀၈၄ ဧကရှိ ဦးကိုကို အမည်ပေါက်ပိုင်ဆိုင်သော အရှေ့-ဦးပိုင် (၃၁)၊ အနောက်-ဦးပိုင်(၂၉)၊ တောင်-ဦးပိုင်(၂၄/ခ)၊မြောက်-ဗိုလ်မှူးဖိုးကွန်းလမ်း အတွင်းရှိ ဘိုးဘပိုင်ခြံမြေကွက်ကို ဦးကိုကိုအမည်မှ ဦးသန့်ဇင်ထွန်း - ဒေါ်ထက်ထက် အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါသဖြင့် ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၁၅-၆-၂၀၂၃ရက်မှ ၁၅-၇-၂၀၂၃ရက် အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

